# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကို အကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ကာထပ်ကာပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ သောကြာနေ့။ Friday, 15 September 2023 ၁၁၂၁၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အာဆီယံလေတပ်ဦးစီးချုပ်များအား လက်ခံတွေ့ဆုံ

## အာဆီယံတပ်မတော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ် (၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ ညီလာခံ 20th AACC သို့ တက်ရောက်ခဲ့သည့် အာဆီယံ လေတပ်ဦးစီးချုပ်များအား လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ စစ်ဦးစီးအရာရှိချုပ်(လေ)

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အာဆီယံလေတပ်ဦးစီးချုပ်များအား လက်ခံတွေ့ဆုံစဉ်။

### ယနေ့ ဖတ်စရာ


**ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များအတွက် ပထမအကြိမ်ဝင်ခွင့် လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့် ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း** စာမျက်နှာ » ၁၁

**သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် လိုက်နာရမည့်ကျင့်ဝတ်** ဆောင်းပါး စာမျက်နှာ » ၁၆


## အားကောင်းသောလေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရ

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေ-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

ကြေးမုံ

# မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများဖော်ထုတ်

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ပြဋ္ဌာန်းထားသည့် ပုဒ်မ(၂၇)အရ “နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည်”၊ ပုဒ်မ (၃၃) အရ “နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်”၊ ပုဒ်မ ၃၉၀(က)အရ “အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း” အချက်တို့ပါရှိသည်။

ထိန်းသိမ်းလိုက်နာကျင့်သုံးလျက်ရှိသည့် နိုင်ငံတော်၏ လူမှုရေးဆိုင်ရာ ပြဋ္ဌာန်းချက်များသည် နှစ်ပေါင်းရှည်ကြာတည်တံ့ခိုင်မြဲခဲ့သည့် နိုင်ငံတော်ကြီး ဆက်လက်အစွန့်ရှည်နေစေရန်အတွက် ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်များဖြစ်သည်။ မြင့်မားသည့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့် ပြည့်စုံသည့်နိုင်ငံသည် ထိုနိုင်ငံ၏ နှစ်ပေါင်းရှည်ကြာတည်တံ့ဖြစ်ထွန်းခဲ့သည့် ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်သည်။ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသည့် ကိုယ်ပိုင်ယဉ်ကျေးမှု အနုသုခုမအစဉ်အလာများသည် ထိုနိုင်ငံ၏ ထူးခြားပေါ်လွင်သည့် အဓိကအသွင်အပြင်လက္ခဏာများဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒြပ်ရှိ/ဒြပ်မဲ့ ယဉ်ကျေးမှုလက္ခဏာများ အမြောက်အမြားရှိသည့်အနက် အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာရပ်များသည် မြန်မာတစ်မျိုးသားလုံး၏ မြတ်နိုးဂုဏ်ယူဖွယ်ရာ အစဉ်အလာများဖြစ်သည်။ ထို့ကြောင့် မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှစတင်ပြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ နိုင်ငံတော်အဆင့်အထိ နှစ်စဉ်ရည်ရွယ်ချက်ကောင်းများစွာဖြင့် ခမ်းနားသိုက်မြိုက်စွာကျင်းပခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ (၂၂)ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ငါးနှစ်တာကာလအတွင်း ထိုစဉ်ကအစိုးရ၏ အကြောင်းပြချက်အမျိုးမျိုးကြောင့် ပြိုင်ပွဲကျင်းပမှုကို ရပ်ဆိုင်းခဲ့သည်။

အဆိုပါငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၌ မြန်မာ့ရိုးရာယဉ်ကျေးမှုပညာရပ်များနှင့် ကင်းကွာလာခဲ့သည်။ အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော ဝါရင့်သမ္ဘာရင့် သက်ကြီးအနုပညာရှင်အချို့လည်း တိမ်းပါးကွယ်လွန်ကြွေလွင့်ခြင်းများရှိခဲ့သည်။ ထိုကာလမတိုင်ခင်ကတည်းကပင် အနောက်တိုင်းယဉ်ကျေးမှုရေစီးကြောင်းများ ထိုးဖောက်ဝင်ရောက်မှုကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့်ဆန့်ကျင်သည့် သရုပ်လွန်ဂီတအနုပညာများနှင့် မြန်မာ့ယဉ်ကျေးမှုနှင့်မဆီလျော်သည့် ငြိမ့်ညောင်းသာယာမှုနှင့်ဆန့်ကျင်ဘက်ဖြစ်သော သရုပ်ပျက်လှုပ်ရှားသီဆိုကပြမှုများသည် လူငယ်ထုအတွင်း အတိုင်းအတာတစ်ခုအထိ ထိုးဖောက်ဝင်ရောက်စပြုနေပြီဖြစ်သည်။

ထိုသို့ ပျက်ယွင်းလာမှုအခြေအနေများကြောင့် မြန်မာ့ရိုးရာအနုသုခုမပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့် ပညာရှင်များ၊ မြန်မာ့ရိုးရာအနုသုခုမပညာရပ်များကို မြတ်နိုးတွယ်တာခုံမင်သူ ဝါသနာရှင်လူငယ်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို စိတ်ဝင်စားသည့် မိဘပြည်သူများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို ပြန်လည်ဖော်ထုတ်သည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ပြန်လည်ပေါ်ထွန်းလာရေးကို မျှော်လင့်နေကြသည်။ ၂၀၂၂ ခုနှစ် မေလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ခမ်းခမ်းနားနားနှင့်စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပရန် လမ်းညွှန်ခဲ့ရာ မိဘပြည်သူများ မျှော်လင့်လျက်ရှိသည့် တိမ်မြုပ်ပျောက်ကွယ်နေသော မြန်မာတို့၏အနုသုခုမပညာရပ်များ ပြန်လည်ရှင်သန်လာသည်။

၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ထိုစဉ်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးစအချိန် ကျန်းမာရေးရှုထောင့်အမြင်နှင့် အကြမ်းဖက်အဖျက်သမားအန္တရာယ် လုံခြုံရေးရှုထောင့်အမြင်တို့ဖြင့် စေ့စပ်သေချာစွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မှုကြောင့် ပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရွက်ပုန်းသီးအနုပညာရှင်များလည်း ပြန်လည်ပေါ်ထွက်လာခဲ့သည်။ ယခု ၂၀၂၃ ခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မြို့နယ်၊ ခရိုင်အဆင့် ကျင်းပနိုင်ခဲ့ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်သို့ ရောက်ရှိလာပြီဖြစ်ရာ မကြာမီကာလတွင် နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံအတွက် အရေးအကြီးဆုံးလက္ခဏာများဖြစ်သည့် ယဉ်ကျေးမှုအစဉ်အလာများ မပျောက်ပျက်စေရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးတို့ကို ဖော်ထုတ်ပေးသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြိုဆိုလိုက်ရပါကြောင်း။ ။




## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

နေပြည်တော် စက်တင်ဘာ ၁၄

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် ၂၅-၉-၂၀၂၃ ရက်မှ ၆-၁၀-၂၀၂၃ ရက်အထိ နေ့စဉ် တစ်မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက်က မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ထွန်းလှ ဦးစီး၍ တပ်ဖွဲ့ဝင်များက ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်များ၊ ပေါင်းမြက်များ၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြစဉ်။

စိုးကျော်သူထွေး(မတ္တရာ)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၄ - ၉ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈.၉၀၀ | ၉,၀၀၀ | ၁,၄၄၉ | ၁၃,၀၃၀,၄၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၅၀ | ၄,၉၃၄ | ၁၅,၁၀၈,၄၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁၀,၂၆၈ | ၁၇,၄၅၅,၆၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၄ | ၉,၆၀၀ |
| EFR | ၂,၂၀၀ | ၂,၃၀၀ | ၈၁၀ | ၁,၇၉၈,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၃၀ | ၁၄၇,၀၀၀ |
| MAEX | ၁,၈၀၀ | ၁,၇၅၀ | ၈,၆၆၄ | ၁၅,၂၀၅,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘရူနိုင်းနိုင်ငံ လေတပ်ဦးစီးချုပ် Brigadier General (u) Dato Seri Pahlawan Mohammad Sharif Bin Dato Paduka Haji Ibrahim၊ ကမ္ဘောဒီးယားနိုင်ငံ လေတပ်ဦးစီးချုပ် General Soeung SAMNANG၊ လာအိုနိုင်ငံလေတပ်ဦးစီးချုပ် Brigadier General Khamlek SENGPHACHANH ၊ ထိုင်းနိုင်ငံလေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot၊ ဗီယက်နမ်နိုင်ငံ လေတပ်ဦးစီးချုပ် Lieutenant General Nguyen Van Hien နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ် ချမှတ်၍ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်၊ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများ၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စမ်းသပ်ကောက်ယူမှုအခြေအနေနှင့် (၁၀)နှစ်တစ်ကြိမ် ဆောင်ရွက်ရမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်နေမှုများ၊ လွတ်လပ်ပြီးတရားမျှတသော (Free and Fair) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု ဆောင်ရွက်နေသည့် အခြေအနေများ၊ အာဆီယံတပ်မတော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များအား ဦးစွာဆွေးနွေးပြောကြားပြီး အကြိမ် (၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး ကျင်းပပြုလုပ်နိုင်ခဲ့မှုအပေါ် အောင်မြင်ပြီးမြောက်ခဲ့မှုအခြေအနေများကို သုံးသပ်ဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သောအဖွဲ့နှင့် အာဆီယံလေတပ်ဦးစီးချုပ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အာဆီယံလေတပ်ဦးစီးချုပ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် အာဆီယံလေတပ်ဦးစီးချုပ်များက နိုင်ငံအလိုက် တစ်ဦးချင်းမိတ်ဆက်ကြပြီး မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများသို့သွားရောက်၍ လေ့လာလည်ပတ်ခဲ့မှု၊ ဧည့်ဝတ်ကျေပွန်မှုနှင့် အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ခဲ့မှုများကို ဆွေးနွေးတင်ပြကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) သည် အာဆီယံ လေတပ်ဦးစီးချုပ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (20th AACC )သို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ လေတပ်ဦးစီးချုပ်များ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ လေ့လာရေးခရီးသွားရောက်

**နေပြည်တော် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး 20th ASEAN Air Chiefs Conference (20th AACC )ကို တက်ရောက်လာကြသည့် လေတပ်ဦးစီးချုပ်များဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်၍ သူရဲကောင်းဗိမာန်အတွင်းရှိ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းများဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်စွန့်လွှတ်ခဲ့ကြသူများအား အလေးပြုကြပြီး**(အောက်ဝဲပုံ)** ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ပြင်ဦးလွင်မြို့သို့ သွားရောက်၍ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ လိပ်ပြာပြတိုက်နှင့် ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။**(အောက်ပုံ)** ထိုမှတစ်ဆင့် ပြင်ဦးလွင်မြို့အတွင်း လှည့်လည်ကြည့်ရှုကာ The View Resort သို့ သွားရောက်၍ အမှတ်တရဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် NGO/INGO များ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် လွယ်ကူချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၄**

NGO/INGO များ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် လွယ်ကူချောမွေ့စေရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max၊ Kumudra Ballroom ၌ ကျင်းပရာ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တက်ရောက် အမှာစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် NGO/INGO များ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် လွယ်ကူချောမွေ့စေရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

**တက်ရောက်**

အလုပ်ရုံ ဆွေးနွေးပွဲသို့ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်းအသင်းအဖွဲ့များနှင့် အစိုးရမဟုတ်သော နိုင်ငံတကာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယနေ့ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသည် အသင်းအဖွဲ့များအနေဖြင့် မှတ်ပုံတင်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဖြေရှင်းပေးနိုင်ရန်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် ကျေးလက်ဒေသများ၊ နယ်စပ်ဒေသများ၊ ဝေးလံခေါင်သီသောဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသင်းအဖွဲ့များ၏ အားကိုရယူရပါကြောင်း၊ အသင်းအဖွဲ့များကလည်း ဥပဒေနှင့်အညီ အကူအညီပေးနိုင်ရန်အတွက် မှတ်ပုံတင်ရေးလုပ်ငန်းစဉ်ကို မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

**မြန်ဆန်စွာ ဆောင်ရွက်ပေးစေ**

ထိုသို့ မှတ်ပုံတင်လျှောက်ထားရာတွင် အစိုးရဌာနအဖွဲ့အစည်းများ၏ ထောက်ခံချက်များရယူရန်လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် ဌာနအဖွဲ့အစည်း၏မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး မြန်ဆန်စွာဆောင်ရွက်ပေးစေလိုပါကြောင်း၊ မြန်မာနိုင်ငံရှိ အသင်းအဖွဲ့များ၏ အကူအညီပေးရေး လုပ်ငန်းများဆောင်ရွက်မှုအပေါ် အကဲဖြတ်သတ်မှတ်သည့် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့၏ နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်မှုအစီရင်ခံစာအရ ပရဟိတအဖွဲ့အစည်းများသည် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ရာ၌ အသုံးချခံရနိုင်ခြေများသည့်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ စံနှုန်းများကို လိုက်နာဆောင်ရွက်မှုအားနည်းသည်ဟု သတ်မှတ်ခံထားရပါကြောင်းနှင့် အကူအညီပေးနေသည့် အဖွဲ့အစည်း၊ နိုင်ငံများက NGO / INGO များကို အသုံးချပြီး တရားမဝင်ကိစ္စရပ်များအတွက် ထောက်ပံ့မှုများ မဖြစ်စေရန်လည်း လိုအပ်ပါကြောင်း၊ ထို့ကြောင့် INGO နှင့် NGO များအနေဖြင့် အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် NGO/ INGO များ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် လွယ်ကူချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က အသင်းအဖွဲ့မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာများကိုလည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ပရဟိတအသင်းအဖွဲ့များနှင့် သက်ဆိုင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက NGO/INGO များ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် လွယ်ကူချောမွေ့စေရေးနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းအကြံပြုဆွေးနွေးကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ အတွင်းရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် NGO/INGO များ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် လွယ်ကူချောမွေ့စေရေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ တောကြီးတန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ တောကြီးတန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ သန့်ရှင်းသော သောက်သုံးရေလုံလောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိတို့ကို မေးမြန်းမှတ်တမ်းတင်သည်။

ယင်းနောက် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများသန့်ရှင်းမှုရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅၀ ကို ကော်မရှင်က လှူဒါန်းရာ တောကြီးတန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း တာဝန်ခံအရာရှိက လက်ခံရယူသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မိုးညှင်းခရိုင်အတွင်းရှိ လူထုနှင့်တွေ့ဆုံ မိုးညှင်းတက္ကသိုလ် သုံးထပ်စာသင်ဆောင်သစ် ဖွင့်လှစ်ပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(မိုးညှင်း)၌ ကျောင်းသား ကျောင်းသူများ လက်တွေ့စမ်းသပ်ပြသထားသည့် Project များကို ကြည့်ရှုအားပေးစဉ်။

**မိုးညှင်း စက်တင်ဘာ ၁၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ် ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဗန်းမော်မြို့မှ မိုးညှင်းခရိုင် မိုးညှင်းမြို့သို့ ရောက်ရှိကြသည်။

**တွေ့ဆုံ**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်သည် မိုးညှင်းမြို့ မြို့တော်ခန်းမ၌ ခရိုင်အတွင်းရှိ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကုန်သည် လုပ်ငန်းရှင် အသင်းအဖွဲ့များ၊ MSME လုပ်ငန်းရှင်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်သည့် ကျေးရွာလုပ်ငန်းစီမံကိန်း အဖွဲ့များနှင့် ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ရေးဆွဲချမှတ်ပြီး နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ပြည်တွင်းထုတ်ကုန်များ တိုးတက်မြင့်မားရန် MSME လုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်ပေးရေး၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ပြည့်ဝသော၊ ဗလငါးတန်နှင့် ပြည့်စုံသော အနာဂတ်လူငယ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလို ရေခံမြေခံကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသည့် မိုးညှင်းဒေသခံပြည်သူများ အနေဖြင့်လည်း မိမိတို့ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ဦးချင်းစီက အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**လိုအပ်ချက်များ တင်ပြ**

ထို့နောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့က စီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းပြောကြားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က လိုအပ်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းပေးနိုင်ရေး ဖြေရှင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ် ဝန်ကြီးချုပ်တို့သည် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (မိုးညှင်း)သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ IBPD Centre ၌ သင်ကြားနေမှု၊ အင်္ဂလိပ်စာစွမ်းရည်သင်ကြားနေမှုနှင့် လက်တွေ့စမ်းသပ်ပြသထားသည့် Project များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ မိုးညှင်းတက္ကသိုလ်၌ အသစ်တည်ဆောက်ပြီးစီးသည့် သုံးထပ်စာသင်ဆောင်များဖွင့်ပွဲသို့ တက်ရောက်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၅၇၄ သန်းဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် သုံးထပ်စာသင်ဆောင်သစ် ဥဿဖရားဆောင်နှင့် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇၈၂ ဒသမ ၁၀ သန်းဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် သုံးထပ်စာသင်ဆောင်သစ် မြရတနာဆောင်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပါမောက္ခချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မိုးညှင်းတက္ကသိုလ် ပါမောက္ခချုပ်တို့က သုံးထပ်စာသင်ဆောင်သစ် ဥဿဖရားဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်း၍ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု လွှတ်တော်ရုံး သဘင်ဆောင်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



**ဆက်လက်ကျင်းပ**

မွန်းလွဲပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ ကော်မရှင်ရုံးခွဲ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်ရုံးများမှ အရာထမ်း၊ အမှုထမ်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသဆွေးနွေးရာ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ အရာထမ်း၊ အမှုထမ်း ၉၀၃ ဦး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်း ၃၀၀ တို့က မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

Myanmar Electronic Voting Machine (MEVM) စက်ကို ကျင်းပမည့်ရွေးကောက်ပွဲများတွင် အသုံးပြုဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်သည့်အပြင် နည်းပညာခေတ်၌ ဒီမိုကရေစီစံနှုန်းများနှင့်အညီ အဆင့်အတန်းပြည့်မီသော ရွေးကောက်ပွဲများကို လွတ်လပ်မှု၊ တရားမျှတမှု၊ ဂုဏ်သိက္ခာရှိမှုတို့ဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရမည်းသင်းမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့်ပြပွဲများ ကျင်းပ

**ရမည်းသင်း စက်တင်ဘာ ၁၄**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ၊ ပြပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ရမည်းသင်းမြို့နယ် ကုတင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်သိမ့်သိမ့်မျိုးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ဝင့်ရတနာထူးက ရာသီဥတုပြောင်းလဲမှု လျှော့ချရေး အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ပေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ပြီး ဉာဏ စွမ်းရည်ပြိုင်ပွဲနှင့် မြားပစ်ပြိုင်ပွဲတို့ကို ပြုလုပ်ပေးကာ ဆုရရှိကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ပေးခဲ့ကြသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ်(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ပြည်နယ်အဆင့်) ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ် ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ပြည်နယ်အဆင့်) ဆုချီးမြှင့်ခြင်း အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

လွိုင်ကော် စက်တင်ဘာ ၁၄

ကယားပြည်နယ် ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ပြည်နယ်အဆင့်) ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒေသကွပ်ကဲရေးမှူး၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ် အမျိုးသမီးရေးရာ ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ ကော်မတီဝင်များ၊ ပြိုင်ပွဲအကဲဖြတ်ပညာရှင် ဒိုင်ချုပ်နှင့် ဒိုင်များ၊ ပြိုင်ပွဲဝင်များနှင့် မိသားစုဝင်များ၊ အနုပညာ ချစ်မြတ်နိုးသည့် တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာ စကားပြောကြားရာတွင် ယခုနှစ် ပြည်နယ်အဆင့် ပြိုင်ပွဲတွင် ပညာရှင်နှင့်ဝါသနာရှင် စုစုပေါင်း ပြိုင်ပွဲဝင် ၃၆၉ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနား၌ အဆို၊ အက၊ အရေး၊ အတီး ကဏ္ဍအလိုက် ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြု ချီးမြှင့်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စု အဆင့်တွင် အောင်မြင်မှု ဆုတံဆိပ်များကို ပြည်နယ် ဂုဏ်ဆောင်အနေဖြင့် ဆွတ်ခူးရရှိစေရန် မျိုးဆက်သစ်များကို နည်းပြများဖြင့် အနီးကပ် လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသည် တည်ရှိနေဆဲဖြစ်သည့် ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာရပ်များ မတိမ်မြုပ်၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနေခြင်းဖြစ်၍ ပြည်နယ်သူ ပြည်နယ်သားအားလုံးက ဂုဏ်ပြုကြိုဆိုအားပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် ကယားပြည်နယ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ပြည်နယ်အဆင့်)၌ ဆုရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေ၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒိုင်ချုပ်နှင့် အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲတွင် ဆုရရှိကြသည့် အဆို၊ အက၊ အရေး၊ အတီးအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အဖွဲ့များနှင့် ပြိုင်ပွဲဝင်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ် (လွိုင်ကော်)နှင့် အားကစားနှင့်ကာယပညာသိပ္ပံ (လွိုင်ကော်) သို့ သွားရောက်၍ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ နည်းပညာတက္ကသိုလ် (လွိုင်ကော်)၌ ကျောင်းပရိဝုဏ်အတွင်း ကျောင်းသား ၁၆၀ ဆံ့ နှစ်ထပ်အိပ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အရည်အသွေး ကောင်းမွန်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ် ဆောင်ရွက်သွားကြရန်နှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ နေထိုင်၍ ပညာသင်ကြားနိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးသွားကြရန် မှာကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) အတွက် ထောက်ပံ့ငွေများ ပေးအပ်ကြကာ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားသည်။

ထို့နောက် ခန်းမအတွင်း ခင်းကျင်းပြသထားသောအားကစား လှုပ်ရှားမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ အားကစားနည်းများအလိုက်အသုံးပြုသောပစ္စည်းများ၊ ကျောင်းဝင်းအတွင်းရှိ သင်တန်းသား သင်တန်းသူများ၏ အိပ်ဆောင်၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် အားကစားခန်းမအတွင်း အားကစားနည်းများအလိုက် လေ့ကျင့်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြကာ ပြည်နယ်ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများဖြစ်အောင် ကြိုးစားသွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့်အဖွဲ့ အားကစားနှင့်ကာယပညာသိပ္ပံ (လွိုင်ကော်)၌ အားကစားခန်းမအတွင်း အားကစားနည်းများအလိုက် လေ့ကျင့်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြစဉ်။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး စိုက်ပျိုးရေးလုပ်ငန်းများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ပုဏ္ဏမာကျေးရွာ တောင်သူ ဦးကျော်မြင့်၏ လယ်တွင် ဆောင်ရွက်လျက်ရှိသည့် Solar စနစ်ဖြင့် မြေအောက်ရေတင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အဆိုပါကျေးရွာရှိ ရေအသုံးချသူတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းစသည့် အချက်များနှင့်အညီ သီးထပ်တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့ အနော်ရထာရပ်ကွက်အတွင်းရှိ မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသိရီ မဟာထေရ်မြတ်အား သွားရောက်ဖူးမြော် ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့ စိုက်ပျိုးရေး သုတေသနခြံအတွင်း စိုက်ပျိုးထားသည့် စိုက်ခင်းကိုလည်းကောင်း၊ နိုင်ငံ့စီးပွားရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျော်ပြည့်စုံဆီစက်နှင့် စိန်စီဆီစက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် နိုင်ငံတော်ဩဝါဒါစရိယ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ်မြတ်အား သွားရောက်ဖူးမြော် ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး တပ်ကုန်းမြို့နယ် ရေအေးကျေးရွာ စိုက်ပျိုးရေးစင်တာ၌ မြို့နယ်စိုက်ပျိုးရေးဌာနနှင့် သီနှံမျိုးစေ့ထုတ်ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် မျိုးစေ့များ၊ သဘာဝမြေဩဇာများနှင့် စိုက်ပျိုးရေးသုံးဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ စပါးသားတက်ဆင့်ပွားစိုက်ပျိုးနည်းပညာနှင့် စိုတစ်လှည့် ခြောက်တစ်ခါ ရေထိန်းသိမ်းနည်းပညာပေးစိုက်ခင်း၊ မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိုးကျပေါင်းစပ်နေမှု သရုပ်ပြသခြင်းကို ကြည့်ရှုအားပေး၍ တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှူထန် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ

**ကလေး စက်တင်ဘာ ၁၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှူထန်နှင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် တို့သည် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာဝန်ထမ်းများအား ယနေ့မွန်းလွဲပိုင်းတွင် နယ်မြေခံဒေသကွပ်ကဲမှု ဌာနချုပ်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှူထန်က ဝန်ထမ်းများနှင့် တွေ့ဆုံရ၍ များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ ချင်းပြည်နယ်အနေဖြင့် ရာသီဥတုအခြေအနေ၊ လမ်းပန်းဆက်သွယ်မှုအခြေအနေအရ ခက်ခဲ၍ ယခုကဲ့သို့ တွေ့ဆုံအားပေးရခြင်းဖြစ်ပါကြောင်း၊ အစစအရာရာ အဆင်ပြေစေရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေနှင့် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်းတို့က မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာဝန်ထမ်းများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။



ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ကလေးခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဌာနဆိုင်ရာအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၏ မေးမြန်းတင်ပြချက်များအပေါ် ဆွေးနွေးဖြေရှင်းပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း သစ်တောစိုက်ခင်းများနှင့် ပျိုးဥယျာဉ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးထားသော ၁/၂၀၂၃ ကျေးရွာသုံးစိုက်ခင်း ယူကလစ်၊ ရှား ၇၅ ဧကနှင့် ၂/၂၀၂၃ ရေဝေရေလဲစိုက်ခင်း ယူကလစ်၊ ရှား၊ ဒဟတ် ၇၅ ဧက၏ ရှင်သန်အောင်မြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့နယ် ယင်းဆိပ်အမြဲတမ်းပျိုးဥယျာဉ်အတွင်း သစ်မျိုး ၁၃ မျိုးဖြင့် ပျိုးပင်ပေါင်း ၆၁၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် တောပုန်း ကြိုးပြင်ကာကွယ်တော အကွက်အမှတ် ၃ ရှိ ၂၀၂၁ ခုနှစ် အထူးစီမံလန်းစိုပြည်ရေးစိုက်ခင်း အပင် ၂၂၀၀ ၏ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တည်ထောင်ပြီးသော သစ်တောစိုက်ခင်းများအား ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားရန်နှင့် အပူပိုင်းဒေသမျိုးရင်း သစ်မျိုးများအား သုတေသနပြုလုပ်ပြီး သုတေသနရလဒ်များအပေါ် အခြေခံ၍ ပေါင်းစပ်ဆောင်ရွက်သွားရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အောင်လံမြို့နယ်ရှိ မိုးလယ်ပျိုးဥယျာဉ်သို့ရောက်ရှိရာ ပျိုးဥယျာဉ်အတွင်း သစ်မျိုး ရှစ်မျိုးဖြင့် ပျိုးပင်ပေါင်း ၇၈၀၀၀ ပျိုးထောင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး နှစ်ပေအထက်ပျိုးပင်များ စဉ်ဆက်မပြတ်ရရှိစေရေးအတွက် လိုအပ်သော သစ်စေ့စုဆောင်းခြင်း၊ ကြိုတင်ပျိုးထောင်ခြင်း လုပ်ငန်းများအား အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ပြည်ကျွန်းကြိုးဝိုင်းရှိ သက်ကြီးကျွန်းစိုက်ခင်း ၇၈ ဧကသို့ ရောက်ရှိပြီး တာဝန်ရှိသူများက ကျွန်းပင် ၃၄၆၆ ပင်အား ထိန်းသိမ်းစောင့်ရှောက်ထားမှုနှင့် စိုက်ခင်းအတွင်း သစ်စေ့ထုတ်ဧရိယာမှ နှစ်စဉ် သစ်စေ့စုဆောင်းရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျွန်းစိုက်ခင်းများ အောင်မြင်အောင် တည်ထောင်နိုင်ရေးအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့် ကျွန်းစေ့များ စုဆောင်းနိုင်ရန် ဖြောင့်တန်းသော ကျွန်းပင်များ ပေါက်ရောက်ရာ သဘာဝတောနှင့် သက်ကြီးကျွန်းစိုက်ခင်းနေရာများအား ကျွန်းသစ်စေ့ထုတ်ဧရိယာအဖြစ် တိုးချဲ့သတ်မှတ်ဆောင်ရွက်သွားရန် မှာကြားကာ သဲကုန်းမြို့နယ် ရွှေကျွန်းတောကြိုးဝိုင်းရှိ သက်ကြီးကျွန်းစိုက်ခင်း ၁၄၇ ဧက အတွင်း သစ်စေ့ထုတ်ဧရိယာ တည်ထောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သာယာဝတီခရိုင် မင်းလှမြို့နယ်ရှိ ရွှေဝါမြိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင် ၁၂၅၀၀ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ လသာကုန်းပျိုးဥယျာဉ်အတွင်း ပျိုးပင်ကြီး ၂၄၀၀၀ နှင့် ၂၀၂၄ ခုနှစ် မိုးရာသီ လူထုဖြန့်စိုက်ပျိုးရန် ပျိုးပင် ၇၀၀၀၀ ပျိုးထောင်ထားရှိမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာပေါင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး



**သာပေါင်း စက်တင်ဘာ ၁၄**

သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် အောင်တပ်ကျေးရွာအုပ်စု အစုကြီးကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ၂ x(၁၃၀၀ ပေ x ၂ ပေ x ၆ လက်မ) ခွင့်ပြုငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဌေးနိုင်(ဒုတိယညွှန်ကြားရေးမှူး) ကွင်းဆင်းစစ်ဆေးရာ သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းတာဝန်ခံ ဦးရာဇာဦး (အငယ်တန်းအင်ဂျင်နီယာ-၂)နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဝင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ ၂၂၂



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလူလှ ဦးဆောင်မှုဖြင့် နယ်မြေရဲစခန်း ရဲတပ်ဖွဲ့ဝင်များက ဟော်ကုန်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှေ စစ်တွေမြို့၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှု

**စစ်တွေ စက်တင်ဘာ ၁၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှေသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီးနှင့် ရှေးဟောင်းသမိုင်းဝင် စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ပြီး ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ တက္ကသိုလ်များနှင့် စစ်တွေမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှေနှင့်အဖွဲ့သည် လောကာနန္ဒာ စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ စေတီတော်ဘက်စုံပြုပြင်နိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းကြကာ စေတီတော်အတွင်း လှည့်လည်ဖူးမြော်ကြသည်။ ဆက်လက်၍ လောကာနန္ဒာစေတီတော်ပရိဝုဏ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်၌ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေပညာရှင်များ၊ လူမှုရေးအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲသို့တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးရည်မှန်းချက်မှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ထို့ပြင် ကျေးလက်နေပြည်သူများနှင့် ဝေးလံဒေသများမှ တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး၊ အတန်းပညာ တတ်မြောက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်တစ်ပြည် တိုးတက်ရန် အခြေခံမှာ ပညာတတ်များ ပေါ်ကြွယ်ဝခြင်းပင် ဖြစ်ကြောင်း၊ ထို့ကြောင့် အသိပညာ၊ အတတ်ပညာ နှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေ လိုအပ်နေသည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မိမိတို့ ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် အလားအလာကောင်းများစွာရှိသည့် ပြည်နယ်တစ်ခုဖြစ်ခြင်းကြောင့် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားလုံးကဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသထွက်ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ဆက်လက်၍တက်ရောက်လာကြသော မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကား ပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှေနှင့်အဖွဲ့ စစ်တွေတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(စစ်တွေ)နှင့် ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် စစ်တွေတက္ကသိုလ်သို့ သွားရောက်ပြီး စစ်တွေတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (စစ်တွေ)နှင့် ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) တို့မှပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ပေါ်ထွန်းလာရေးနှင့် စဉ်းစားတွေးခေါ်မှုကို အားပေးသော သင်ကြားသင်ယူမှု နည်းစနစ်များကို အသုံးပြုကာ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော ပညာတတ်များ ပေါ်များရေးကို ဦးတည် သင်ကြားလေ့ကျင့်ပေးကြရန်ပြောကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် စစ်တွေမြို့ ဓာတ်လယ်ကျောင်းတိုက်၊ နန္ဒာရာမကျောင်းတိုက်နှင့် ကြွဖြူကျောင်းတိုက်တို့သို့ သွားရောက်ပြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် နည်းပညာတက္ကသိုလ် (စစ်တွေ)နှင့်ကွန်ပျူတာ တက္ကသိုလ် (စစ်တွေ)တို့သို့ သွားရောက်၍ ဆိုင်ကလုန်း မုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် အဆောက်အအုံများ ပြုပြင်ပြီးစီးနေမှုနှင့် ပြုပြင်နေမှုများကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု တို့ကိုလည်းကောင်း လှည့်လည် ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် စစ်တွေပွဲရုံ့ အပန်းဖြေစခန်းအား ပြန်လည်အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို လည်းကောင်း၊ စစ်တွေမြို့ ရှုခင်းသာလမ်း (စာတိုက်လမ်းဆုံမှ စစ်တွေဟိုတယ်လမ်းဆုံအထိ) လမ်းပိုင်း ပြန်လည်ပြုပြင်နေမှုနှင့် လမ်းတိုးချဲ့ဆောင်ရွက်နေမှုများ ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို လမ်းညွှန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ် - အာဆီယံ ဆောက်လုပ်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် တရုတ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် ကျင်းပမည့် တရုတ်-အာဆီယံ ဆောက်လုပ်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ အစည်းအဝေးကို ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် စက်တင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အိမ်ရာနှင့် မြို့ပြ - ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ဖိတ်ကြားထားသော ဝန်ကြီးများ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော် လားရှိုးတက္ကသိုလ်၌ အဆင့်မြင့်ပညာဦးစီးဌာနမှ ဆရာ ဆရာမများနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လားရှိုးတက္ကသိုလ်၌ အဆင့်မြင့်ပညာဦးစီးဌာနမှ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

**ပြောကြား**

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များရှိရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာရန် ဆရာ ဆရာမများက ရှေ့ဆောင်လမ်းပြ ဆောင်ရွက်ပေးမှသာလျှင် အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက ပညာရေးကို အားသွန်ခွန်စိုက် အားပေးဆောင်ရွက်နေသည်ကို ဆရာ ဆရာမများ အသိဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို သင်ကြားဆုံးမလမ်းညွှန်သည့် အခါ ဗလငါးတန်နှင့်ပြည့်စုံစေရေး ဆောင်ရွက်ပေးရန် လိုကြောင်း ပြောကြားသည်။

**ချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လားရှိုးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီ ကောလိပ်များ အတွက် ချီးမြှင့်ငွေများပေးအပ်ရာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း လားရှိုးတက္ကသိုလ်၌ အဆင့်မြင့်ပညာဦးစီးဌာနမှ ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်နှင့်အဖွဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

တက္ကသိုလ်ပါမောက္ခချုပ်များနှင့် ကျောင်းအုပ် ဆရာမကြီးတို့က လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများသည် လားရှိုးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မောချယ်ရီခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံမှာ ပညာတတ် လူသားအရင်းအမြစ်များပေါ်များနေရန် လိုကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် ပညာတော်ပြီး လိမ္မာရေးခြားရှိရန်နှင့် ကျောင်းတက်ပျော်အောင် ဆောင်ရွက်ပေးကြရန်နှင့် ဆရာ ဆရာမများအနေဖြင့် လူ့စွမ်းအား အရင်းအမြစ်များဖြစ်သည့် လူငယ်ကျောင်းသားများကို လူတော်လူကောင်းများ အဖြစ် မွေးထုတ်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ လားရှိုးခရိုင် ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ချီးမြှင့်ငွေများကို ပေးအပ်ရာ ပညာရေးမှူးများက လက်ခံရယူကြပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် လားရှိုးမြို့ ဂိုဏ်းပေါင်းစုံ ခရစ်ယာန်အသင်းတော်များကောင်စီသို့ သွားရောက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂိုဏ်းပေါင်းစုံ ခရစ်ယာန်အသင်းကောင်စီအဖွဲ့ဝင်များကို ချီးမြှင့်ငွေများပေးအပ်ရာ ဂိုဏ်းပေါင်းစုံခရစ်ယာန် အသင်းတော်ကောင်စီ တာဝန်ရှိသူများက လက်ခံရယူကြပြီး ကက်သလစ် အသင်းတော်ကျောင်းထိုင်ဆရာတော် Father Gorge က အထူးမေတ္တာပို့ဆုတောင်းနှင့် ကောင်းချီးမင်္ဂလာပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့် အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ထားသူများအား Biometric Enrolment Application ရိုက်သွင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး စက်တင်ဘာ ၁၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ ပင်မစစ်လက်နက်ပစ္စည်းတပ် အစည်းအဝေးခန်းမ၌ အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ထားသူများအား Biometric Enrolment Application ရိုက်သွင်းဆောင်ရွက်နေမှု၊ ဓာတ်ပုံရိုက်ခြင်း၊ မျက်လုံး Scan ဖတ်ခြင်း၊ လက်ဗွေ Scan ဖတ်ခြင်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် မဟာအောင်မြေမြို့နယ်ရုံး၌ EID စနစ်ရိုက်သွင်းနေမှု၊ Online စနစ်ဖြင့် နိုင်ငံခြားသား ရောက်ရှိတိုင်ကြားမှုလုပ်ငန်း အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ ဆက်လက်၍ ချမ်းမြသာစည်မြို့နယ် ၆၂ လမ်းပေါ်ရှိ သူနာပြုတက္ကသိုလ် (မန္တလေး) Multi Purpose Hall ၌ ကျောင်းသားကျောင်းသူများအား EID စနစ် ရိုက်သွင်းဆောင်ရွက်နေမှုများကို ကြည့်ရှုကာ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်သည်။

**ထည့်သွင်းပြီးဖြစ်**

ယင်းနောက် ဒုတိယဝန်ကြီးသည် တိုင်းဒေသကြီးလွှတ်တော်အဆောက်အအုံဟောင်း၌ တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ Biometric ကောက်ယူသည့်လုပ်ငန်းသည် တိုင်းပြည်အတွက် အလွန်အရေးကြီးကြောင်း၊ တိုင်းဒေသကြီးနှင့်



ပြည်နယ်အားလုံးရှိ နိုင်-၄ မှတ်တမ်း ၅၂ သန်းကျော်နှင့် အိမ်ထောင်စု ၁၃ သန်းကျော်ကို data base အတွင်း ထည့်သွင်းပြီးဖြစ်ကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို digital စနစ်ဖြစ်အောင်ဆောင်ရွက်နေသဖြင့် ဝန်ထမ်းများ IT ကျွမ်းကျင်နားလည်ရန်လိုအပ်သကဲ့သို့ cyber security ကိုလည်း ဂရုစိုက်ရန်လိုကြောင်း၊ မိမိတို့ဌာနသည် public services ပေးသည့်ဌာနဖြစ်၍ ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုကို အကောင်းဆုံးဝန်ဆောင်မှုပေးရန်လိုကြောင်း မှာကြားသည်။ **သတင်းစဉ်**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့တို့ ဦးဆောင်၍ မြန်မာ-ရုရှား နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပ


**နေပြည်တော် စက်တင်ဘာ ၁၄**

ရုရှားနိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်လျက်ရှိသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ Tolmachevo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၁၂ ရက် ညပိုင်းက ရောက်ရှိရာ လေဆိပ်၌ နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။



စက်တင်ဘာ ၁၃ ရက်နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဗိုစီဗစ်မြို့မှ မော်စကိုမြို့သို့ ထွက်ခွာရာ မော်စကိုမြို့ Sheremetyevo အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာသံရုံးဝန်ထမ်းများ၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဌာနနှင့် တတိယအာရှရေးရာဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးသည် မော်စကိုမြို့ရှိ မြန်မာသံရုံးသို့ သွားရောက်၍ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာသံရုံးမှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့်တွေ့ဆုံပြီး မြန်မာသံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။



**မြန်မာ-ရုရှား နှစ်နိုင်ငံ ဆွေးနွေး**

ယနေ့တွင် မြန်မာ-ရုရှား နှစ်နိုင်ငံ ဆွေးနွေးပွဲကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ဆွေးနွေးပွဲကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့တို့က ပူးတွဲ ဦးဆောင်ကျင်းပခဲ့ကြပြီး ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အန်ဒရေး ရူဒန်ကာနှင့် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ၌ မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တို့၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းအချင်း ထိတွေ့ဆက်ဆံမှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ စွမ်းအင်၊ စက်မှု၊ ပညာရေး၊ ပြန်ကြားရေးအစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထား ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံအကြား ကာလရှည်ကြာ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးနှင့် ဆောင်ရွက်ဆဲ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်စေရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံနှင့် နိုင်ငံတကာ မျက်နှာစာ အထူးသဖြင့် ကုလသမဂ္ဂ၌ မြန်မာနိုင်ငံအပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ မူအရ ရပ်တည်ချက်၊ နားလည်မှုနှင့် ခိုင်မာစွာ ထောက်ခံမှုများအပေါ် မြန်မာနိုင်ငံအနေဖြင့် လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ရုရှားနိုင်ငံမှ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကိုဗစ်ကာကွယ်ဆေးများ လှူဒါန်းခဲ့ခြင်းနှင့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် မိုခါဆိုင်ကလုန်းသင့် ပြည်သူများအတွက် လူသားချင်းစာနာမှုအကူအညီများကို ပေးပို့ခဲ့ခြင်းတို့အတွက် မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့နှင့်အတူ ပူးတွဲသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်သည်။

**အမြင်ချင်းဖလှယ်**

မွန်းလွဲပိုင်းတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့သည် မြန်မာ ကိုယ်စားလှယ်အဖွဲ့ကို ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ အဆိုပါ နေ့လယ်စာစားပွဲ၌ သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့် ဘုံစိတ်ဝင်စားမှုရှိသည့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့မှ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Marcoluigi Corsi ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် UNICEF နှင့် ဝန်ကြီးဌာနတို့အကြား ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ မိုင်းအန္တရာယ်အသိပညာပေးရေး နယ်ပယ်များတွင် ကာလရှည်ကြာစွာ ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ လူမှုဝန်ထမ်းဦးစီးဌာနမှ Nation Wide Case Management Supervision Unit (NCMSU) ကို ဖွဲ့စည်းပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ UNICEF နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် လူမှုရေးဆိုင်ရာမူဝါဒလုပ်ငန်းအစီအစဉ်၊ ကလေးသူငယ် ကာကွယ်ရေးလုပ်ငန်းအစီအစဉ်နှင့် ရှေးဦးအရွယ် ကလေးသူငယ်လေ့လာသင်ယူမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီ ဝန်ကြီးဌာနနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်ကိစ္စ၊ UNICEF မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအချက်အလက်များကို ဝန်ကြီးဌာနသို့ မျှဝေရန်ကိစ္စ၊ မိုင်းအန္တရာယ် အသိပညာပေးရေးလုပ်ငန်းများကိစ္စ၊ စိတ်လူမှုရေးပိုင်းဆိုင်ရာ အထောက်အပံ့ပေးရေး (Psycho-Social Support) ကိစ္စရပ်များ၊ UNICEF အဖွဲ့မှ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ဗီဇာ၊ ပြည်တွင်းခရီးသွားလာခွင့်နှင့် အခြားလိုအပ်သော ထောက်ပံ့ပေးမှုများအတွက် ဝန်ကြီးဌာနက ထောက်ခံပေးနိုင်ရေးကိစ္စ၊ ဝန်ကြီးဌာနနှင့် UNICEF တို့အကြား ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၇)ကြိမ်မြောက် တရုတ်-အာဆီယံ တိုင်းရင်းဆေးနှင့် ဆေးဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၄**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖန်ချန်းကန်မြို့၌ ကျင်းပသည့် (၇)ကြိမ်မြောက် တရုတ်-အာဆီယံ တိုင်းရင်းဆေးနှင့် ဆေးဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။




**အမှာစကားပြောကြား**

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့(National Medical Products Administration of China)မှ Chief Commissioner ဖြစ်သူ Mr. Li Li နှင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Vice Governor ဖြစ်သူ Mr. Maio Qingwang တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး တက်ရောက်လာသော အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မိန့်ခွန်းပြောကြားရာတွင် တရုတ်-အာဆီယံ တိုင်းရင်းဆေးနှင့် ဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသည် ဒေသအတွင်း ဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ယခုနှစ်သည် "Conveying the voice of traditional Chinese Medicine to the World, ushering in a new future for traditional medicines"ခေါင်းစဉ်ဖြင့် နှစ်နှစ်တစ်ကြိမ်ကျင်းပသည့် ထိပ်သီးအစည်းအဝေး၏ သတ္တမအကြိမ်မြောက်လည်း ဖြစ်ပါကြောင်း၊ တရုတ်ရိုးရာ တိုင်းရင်းဆေးပညာသည် နှစ်ထောင်ပေါင်းများစွာ တည်တံ့ခိုင်မြဲ၍ ကြွယ်ဝသော သမိုင်းကြောင်းလည်း ရှိသည့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်တစ်ခုဖြစ်ပါကြောင်း။

ယနေ့ ထိပ်သီးအစည်းအဝေးသည် အရည်အသွေးအာမခံမှု၊ အကဲဖြတ်မှု၊ စွမ်းရည်မြှင့်တင်ရေးနှင့် မဟာဗျူဟာအစပြုမှုများ အကောင်အထည်ဖော်ရေးတို့ကို အဓိကထားဆွေးနွေး၍ တိုင်းရင်းဆေးဝါးများဆိုင်ရာ မူဝါဒများနှင့် စည်းမျဉ်းများကို နိုင်ငံအချင်းချင်း ဖလှယ်နိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုသည်ယနေ့ကြုံတွေ့နေကြရသော တိုင်းရင်းဆေးဝါးကဏ္ဍ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေး အဓိကသော့ချက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန အနေဖြင့်လည်း အနောက်တိုင်းဆေးနှင့် ဆေးဝါးများ၊ ကျန်းမာရေးဖြည့်စွက်စာများ၊ စားသောက်ကုန်များ အရည်အသွေးအာမခံမှုရှိစေရေး၊ ဘေးကင်းလုံခြုံမှုရှိစေရေး၊ အစားအသောက်နှင့် ဆေးဝါးများ မှတ်ပုံတင်ရေး လုပ်ငန်းများနှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးဈေးကွက်အတွင်းရှိ အစားအသောက်နှင့် ဆေးဝါးများကို စနစ်တကျစစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့ကျင်းပသော ထိပ်သီးအစည်းအဝေးမှ ဒေသတွင်းနိုင်ငံများ ဘေးအန္တရာယ်ကင်းဝေးပြီး ပိုမိုကောင်းမွန်သော တိုင်းရင်းဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသည့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ တိုင်းရင်းဆေးပညာဌာန အကြီးအကဲများက နိုင်ငံအလိုက် ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းဆေးဝါးများ အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေး၊ သုတေသနပြု ဆောင်ရွက်လျက်ရှိသည့် မူဝါဒများ၊ လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြရာ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ၊ မူဝါဒလုပ်ငန်းစဉ်များ၊ သုတေသနလုပ်ငန်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ရောဂါ ကုသမှုအတွက် ဝိသမအဖျားပျောက်ဆေး တိုင်းရင်းဆေးဝါးကို သိပ္ပံနည်းကျဖော်စပ်၍ ကုသနိုင်ခဲ့သည့် အောင်မြင်မှုများကို တင်ပြဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် အစီအစဉ်အရ တရုတ်-အာဆီယံ ဆေးဝါးထိန်းချုပ်ရေးအရာရှိများ သင်တန်းဖွင့်ပွဲအခမ်းအနား၊ တိုင်းရင်းဆေးနှင့်ဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒဆိုင်ရာ ဆွေးနွေးပွဲနှင့် တရုတ်-အာဆီယံ ဆေးဝါးထုတ်လုပ်ရေးနှင့် တင်ပို့ရောင်းချရေးဆိုင်ရာ ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များအတွက် ပထမအကြိမ်ဝင်ခွင့် လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း

(၂၀၂၃)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားသူများအနက် **ပထမအကြိမ်**ဝင်ခွင့် လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ခုံအမှတ်၊ ဖြေဆိုရမည့် နေ့ရက်နှင့် နေရာကို ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page (Ministry of Health, Myanmar), Website(www.moh.gov.mm)၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm)၊ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာနတို့တွင် ကြေညာထားပြီးဖြစ်ပါ၍ ကြေညာချက်ပါ အချက်အလက်များကို သေချာစွာဖတ်ရှုပြီး သားဖွားသင်တန်းကျောင်း၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ မိမိတို့ဖြေဆိုရမည့် သတ်မှတ်နေ့ရက်များအတိုင်း မပျက်မကွက် (မပျက်မကွက်) လာရောက်ဖြေဆိုရမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| ဖြေဆိုရမည့်ခုံအမှတ် | ဖြေဆိုရမည့်နေ့ရက်နှင့် အချိန် |
|---|---|
| ခုံအမှတ်(၁)မှ(၁၆၅)ထိ | ၁၉-၉-၂၀၂၃ (၀၈:၀၀ မှ ၁၂:၀၀ ထိ) |
| ခုံအမှတ်(၁၆၆)မှ(၃၃၀)ထိ | ၁၉-၉-၂၀၂၃ (၁၃:၀၀ မှ ၁၇:၀၀ ထိ) |
| ခုံအမှတ်(၃၃၁)မှ(၄၉၆)ထိ | ၂၀-၉-၂၀၂၃ (၀၈:၀၀ မှ ၁၂:၀၀ ထိ) |
| ခုံအမှတ်(၄၉၇)မှ(၆၅၉)ထိ | ၂၀-၉-၂၀၂၃ (၁၃:၀၀ မှ ၁၇:၀၀ ထိ) |

ကျန်းမာရေးဝန်ကြီးဌာန
(၁၄-၉-၂၀၂၃)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၃၄၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၉-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၃-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၉-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၄၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကျိုင်းတုံမြို့၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ကျိုင်းတုံ စက်တင်ဘာ ၁၄**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၃) တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြသည်။



**ကြည့်ရှုအားပေး**

ထိုသို့ စုပေါင်းသွေးလှူဒါန်းရာတွင် ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့(ကျိုင်းတုံ)၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်၊ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအေးသိန်း၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးက သွေးလှူရှင်များအား အာဟာရပြည့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးညာဏ ဦးဆောင်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စိုးလွင်နှင့် ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုနယ်မြေအတွင်း အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အာမခံအလုပ်သမားများ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး




**နေပြည်တော် စက်တင်ဘာ ၁၄**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ပြည်ထောင်စုနယ်မြေအတွင်း အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အာမခံအလုပ်သမားများ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) စုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ အာမခံ အလုပ်သမားများနှင့် အကျိုးခံစားခွင့်လက်ခံရယူမည့်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုနယ်မြေအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်အရ ဆေးဖိုးကုန်ကျစရိတ်များ ပြန်လည်ပေးအပ်ခြင်းနှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်အရ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသွားသည့် အာမခံအလုပ်သမား၏ ကျန်ရစ်သူမိသားစုများကို အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိမြို့နယ်လူမှုဖူလုံရေးရုံး ၇၈ ရုံးတွင် အလုပ်ဌာန ၃၅၂၅၃ ဌာနနှင့် အလုပ်သမား ၁၂၅၂၂၃၃ ဦး အကျုံးဝင်မှတ်ပုံတင်ထားပြီး ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာန ၁၀၆၇ ဌာနနှင့် အာမခံအလုပ်သမား ၂၆၃၈၂ ဦး ရှိပါကြောင်း။

**စုပေါင်းခြင်းဖြင့်ဖူလုံအံ့**

အာမခံ အလုပ်သမားများ ကျန်းမာရေး စောင့်ရှောက်မှု၊ မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့် အလုပ်တွင်ထိခိုက်မှုအတွက် ငွေကြေးအကျိုးခံစားခွင့်တို့အပြင် အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့်တို့အတွက် "One for all , All for one" (စုပေါင်းခြင်းဖြင့်ဖူလုံအံ့) ဆိုသည့် လူမှုဖူလုံရေးဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ခြင်းကြောင့် အလုပ်ရှင်များအနေဖြင့် မိမိအလုပ်သမားများအား ဥပဒေနှင့် အညီ အကျုံးဝင်မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးများ ပေးသွင်းခြင်း၊ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များထုတ်ယူခြင်းဖြင့် အလုပ်သမားများ၏အကျိုးကို နစ်နာဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ခေတ်ကာလနှင့်အညီ လိုက်လျောညီထွေ ဖြစ်စေမည့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်အရ ပြည်ထောင်စုနယ်မြေအတွင်းရှိ ဒက္ခိဏသီရိမြို့နယ် လူမှုဖူလုံရေးရုံးနှင့် ပျဉ်းမနား မြို့နယ် လူမှုဖူလုံရေးရုံးတို့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမား ၁၉ ဦး၏ ဆေးဖိုးကုန်ကျငွေများ၊ မီးဖွားခြင်းဆိုင်ရာဝန်ဆောင်မှုများအတွက် အကျိုးခံစားခွင့် ငွေ ၁၄၈၈၉၄၉၂ ဒသမ ၂၂ ကျပ်နှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်အရ ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၅၄၀၀၀၀၀၊ စုစုပေါင်းအာမခံ အလုပ်သမား ၂၀ အတွက် အကျိုးခံစားခွင့်ငွေ ၂၀၂၈၉၄၉၂ ဒသမ ၂၂ ကျပ်ကို ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၄ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့်အဖွဲ့များအနက် **လေဘာပါတီ (Labour Party) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**တို့သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **လေဘာပါတီ (Labour Party) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**တို့သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၀ ပါတီဖြစ်ကြောင်းနှင့် တည်ထောင်ခွင့် လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**

နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် သစ်တွန်ကျေးရွာအုပ်စု မရမ်းတောင်(အောက်)ကျေးရွာ၌ ရောက်ရှိနေသည့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် သီရိမင်္ဂလာကျောင်းတိုက်၌ သစ်တွန်ကျေးရွာအုပ်စု(ကျေးရွာ ၁၁)ရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းများ၊ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် သစ်တွန်ကျေးရွာအုပ်စု မရမ်းတောင်(အောက်) ရွှေဘုန်းပွင့်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အုပ်စုသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂဝံသထံမှ ဩဝါဒကထာနှင့် သရဏဂုံ သီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆန်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆိုလာမီးအိမ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် သီရိမင်္ဂလာကျောင်းတိုက်၌ သစ်တွန်ကျေးရွာအုပ်စု(ကျေးရွာ-၁၁)ရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူလူထုတို့နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအချက်မှာ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဖြစ်ကြောင်း၊ သို့သော် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရှိမှသာ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ကို ဖွံ့ဖြိုးတိုးတက်အောင် ရာနှုန်းပြည့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိဦးဆောင်သည့် ဌာနဆိုင်ရာအဖွဲ့သည် ဒေသဖွံ့ဖြိုးရေးများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးတို့ကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

**ပေးအပ်**

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် သစ်တွန်ကျေးရွာအုပ်စုမှ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကျောင်းသား ကျောင်းသူများအတွက် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ သုတရသစာအုပ်များ၊ ကလေးကစားစရာအရုပ်များ၊ ကလေးအနွေးဘောင်းဘီများ၊ ဆေးစိမ်ခြင်ထောင်များ၊ ဆေးဝါးများ၊ မျိုးစေ့များ၊ ဆိုလာပြားများ၊ ကိုယ်ဝန်ဆောင်မိခင်တို့အတွက် ထောက်ပံ့ငွေများနှင့် ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးများနှင့် တာဝန်ရှိသူတို့က လက်ခံရယူကြသည်။




**ဆွေးနွေးတင်ပြ**

ယင်းနောက်ဒေသခံတိုင်းရင်းသားပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအမံများနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး သစ်တွန်ကျေးရွာအုပ်စုရှိ ဒေသခံတိုင်းရင်းသားပြည်သူလူထုကိုယ်စား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းဗိုလ်က ကျေးဇူးတင်စကားပြောကြားကာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာအဖွဲ့သည် သစ်တွန်ကျေးရွာအုပ်စု မရမ်းတောင်(အောက်) ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်ကာ သစ်တွန်ကျေးရွာအုပ်စုတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ စာပေသင်ကြား သင်ယူနေမှုအခြေအနေများကို မေးမြန်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းသုံးစာရေးကိရိယာ၊ စားသောက်ကုန်ပစ္စည်းများ၊ အိမ်သုံးဆေးဝါးများ၊ ဆေးစိမ်ခြင်ထောင်များနှင့် ထောက်ပံ့ငွေများပေးအပ်၍ ကျောင်းသုံးရေသန့်ရှင်းရေးနှင့် ပိုးမွှားများကင်းရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေသည့် KG ကျောင်းသား ကျောင်းသူများကို ကစားစရာအရုပ်များနှင့် Grade – 1 မှ Grade –11 အထိ ကျောင်းသား ကျောင်းသူများကို စားသောက်ဖွယ်ရာများ မျှဝေပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်နေသည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့အကြား အရေးကြီးသည့်ကိစ္စရပ်များ သဘောတူညီမှုရရှိခဲ့ဟု မြောက်ကိုရီးယားပြောကြား



**ဗလာဒီဗော့စတော့ စက်တင်ဘာ ၁၄**

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့်ရုရှားသမ္မတ ဗလာဒီမာပူတင်တို့အကြား ကျင်းပသည့်ဆွေးနွေးပွဲတွင် အရေးကြီးသည့်ကိစ္စရပ်များ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် သမ္မတပူတင်သည် မြောက်ကိုရီးယားနိုင်ငံသို့ သင့်တော်သည့်အချိန်တွင် လာရောက်လည်ပတ်ရန် ခေါင်းဆောင် ကင်ဂျုံအန်၏ ဖိတ်ကြားချက်ကို လက်ခံခဲ့သည်။ ရုရှားအရှေ့ဖျားဒေသ ဗော့စ်တော့ချနီအာကာသစခန်းတွင် ကျင်းပသည့် ယခုဆွေးနွေးပွဲသည် ခေါင်းဆောင်များအကြား ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကာ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၉ ခုနှစ်တွင် ကျင်းပခဲ့ကြောင်း နိုင်ငံပိုင် ကိုရီးယားဗဟိုရုပ်မြင်သံကြားဌာနနှင့် အာဏာရအလုပ်သမားပါတီသတင်းစာ Rodong Sinmun တို့က ပြောကြားသည်။

**နှစ်နိုင်ငံ ဆက်ဆံရေးမြှင့်တင်**

ကင်နှင့်ပူတင်တို့အကြား နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန်နှင့် အဆင့်မြင့်တာဝန်ရှိသူများ အပြန်အလှန် လည်ပတ်ရေးအပြင် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် စစ်ရေး၊ စီးပွားရေးနှင့် နိုင်ငံရေးကိစ္စရပ်များကိုလည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ရုရှားနိုင်ငံမှ အာကာသလုပ်ငန်းဆိုင်ရာတာဝန်ရှိသူများက ရုရှားနိုင်ငံ၏ အာကာသလုပ်ငန်းဆိုင်ရာအောင်မြင်မှုများကို ခေါင်းဆောင်ကင်ဂျုံအန်အား ရှင်းလင်းပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**




# အင်ဒိုနီးရှားနိုင်ငံ၌ မိုးခေါင်ရေရှားမှုကြောင့် ဆန်စပါးပြတ်လပ်မှုအပေါ် စိုးရိမ်မှုမြင့်တက်

**ဂျကာတာ စက်တင်ဘာ ၁၄**

အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသည့် အပူလှိုင်းဖြတ်သန်းမှုသည် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း၌ ပြင်းထန်သော မိုးခေါင်ရေရှားမှုကို ဖြစ်စေပြီး နိုင်ငံ၏ စားနပ်ရိက္ခာဖြစ်သည့် ဆန်စပါးပြတ်လပ်မှုအပေါ် ပြည်သူများက စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၁၁ ရက်တွင် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် မြို့တော်ဂျကာတာအနီးရှိ ဆန်သိုလှောင်ရုံသို့ သွားရောက်ကာ ဆန်သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံအတွင်း၌ ဆန်သိုလှောင်ထားမှု အများအပြားရှိသည့်အတွက် စိုးရိမ်ပူပန်ရန် မလိုအပ်ကြောင်း၊ လိုအပ်ပါက နိုင်ငံခြားတိုင်းပြည်များမှ ဆန်တင်သွင်းမည်ဖြစ်ကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုက ပြည်သူများကို ပြောကြားသည်။

ထို့ပြင် အစိုးရက ဝင်ငွေနည်းအိမ်ထောင်စု ၂၁ သန်းကျော်ကို ဆန်အခမဲ့ဝေငှပေးရန် စီစဉ်လျက်ရှိကြောင်းလည်း သမ္မတ ဝီဒိုဒိုက ကြေညာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့ထိပ်တန်း ဆန်ထုတ်လုပ်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော် ယခုနှစ်တွင် မိုးခေါင်ရေရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရသည်။

လက်ရှိတွင် အင်ဒိုနီးရှားအစိုးရက ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် ဆန်တင်သွင်းရန် ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်လေကြောင်းလိုင်းတစ်ခုကို ရေရှည်တည်တံ့သော လေကြောင်းလောင်စာဆီဖြင့် စမ်းသပ်မောင်းနှင်

**တိုကျို စက်တင်ဘာ ၁၄**

ဂျပန်လေကြောင်းလိုင်းသည် ၎င်း၏ နိုင်ငံတကာလေကြောင်းလိုင်းတစ်ခုကို ရေရှည်တည်တံ့သောလေကြောင်းလောင်စာဆီ (SAF) အသုံးပြုပြီး ရက်သတ္တပတ်ကြာ စမ်းသပ်မောင်းနှင်လျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါ ရေရှည်တည်တံ့သော လေကြောင်းလောင်စာဆီဖြင့် မောင်းနှင်မှုကို ယနေ့စတင်ခဲ့ကြောင်း သိရသည်။

မြို့တော်တိုကျိုမှ နယူးယောက်စီးတီးသို့ ပျံသန်းပြေးဆွဲသည့် လေကြောင်းလိုင်း JL6 တွင် လောင်စာဆီပမာဏ၏ ၁၁ ရာခိုင်နှုန်းကို ရေရှည်တည်တံ့သော လေကြောင်းလောင်စာဆီကို အသုံးပြုမောင်းနှင်ခဲ့သည်။

၂၀၂၅ ခုနှစ်တွင် လေကြောင်းလိုင်းအားလုံးပြေးဆွဲမှုအတွက် လိုအပ်သည့် လောင်စာဆီပမာဏ၏ တစ်ရာခိုင်နှုန်းကို ရေရှည်တည်တံ့သော လေကြောင်းလောင်စာဆီဖြင့် အစားထိုးမောင်းနှင်ရန် ရည်မှန်းထားပြီး ၂၀၃၀ ပြည့်နှစ်တွင် ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုရန် ရည်မှန်းထားသည်။

ရေရှည်တည်တံ့သော လေကြောင်းလောင်စာဆီကို အပင်များနှင့် စွန့်ပစ်ဆီများမှပြုလုပ်ပြီး လက်ရှိအသုံးပြုလျက်ရှိသည့် လေယာဉ်ဆီများထက် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု ၈၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

ဂျပန်အစိုးရသည် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ၏ လေဆိပ်များတွင် အသုံးပြုသော လောင်စာဆီ၏ ၁၀ ရာခိုင်နှုန်းကို ရေရှည်တည်တံ့သော လေကြောင်းလောင်စာဆီများ အသုံးပြုစေရန် ရည်မှန်းထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

❖

# ဂျပန်မင်းသား ဟီဆာဟီတို ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံစားနေရ

**တိုကျို စက်တင်ဘာ ၁၄**

ဂျပန်မင်းသား ဟီဆာဟီတို ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရကြောင်း ယနေ့သတင်းများအရ သိရသည်။

မင်းသား ဟီဆာဟီတိုသည် ဧကရာဇ်နာရူဟီတို၏ တူတော်ဖြစ်ပြီး ခမည်းတော်အိမ်ရှေ့မင်းသား အကီရှီနိုပြီးနောက် ထီးနန်းဆက်ခံမည့် ဒုတိယမြောက် မင်းသားဖြစ်သည်။

မင်းသား ဟီဆာဟီတိုသည် စက်တင်ဘာ ၁၃ ရက်တွင် စာသင်ကျောင်းမှ နေအိမ်သို့ ပြန်လာခဲ့ပြီးနောက် ဖျားနာမှု



ဝေဒနာခံစားနေရသည့်အတွက် ဆေးစစ်မှုခံယူခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းမရှိကြောင်း ရလဒ်ထွက်ပေါ်ခဲ့သည်။

သို့သော် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ဆေးစစ်ဆေးမှု ထပ်မံပြုလုပ်ခဲ့ရာ မင်းသားဟီဆာဟီတိုထံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံစားနေရကြောင်း ရလဒ်ထွက်ပေါ်ခဲ့သည်။

စက်တင်ဘာ ၁၈ ရက်အထိ နေအိမ်အတွင်း၌ပင် အနားယူမည်ဖြစ်ကြောင်း ဂျပန်ဧကရာဇ်နန်းတော်အေဂျင်စီက ပြောကြားသည်။

မင်းသား၏မိဘများဖြစ်သည့် အိမ်ရှေ့မင်းသား အကီရှီနိုနှင့် မင်းသမီး အကီရှီနို နှစ်ဦးစလုံးမှာ ရောဂါကူးစက်ခံထားရခြင်းမရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ၌ အငှားအိမ်ရာစီမံကိန်းများတည်ဆောက်မှု အရှိန်မြှင့်ဆောင်ရွက်

**ပေကျင်း စက်တင်ဘာ ၁၄**

တရုတ်နိုင်ငံတွင်အစိုးရထောက်ပံ့မှုဖြင့် တည်ဆောက်သည့် အငှားအိမ်ရာစီမံကိန်းများကို ယခုနှစ်အစပိုင်းမှစတင်၍ အရှိန်မြှင့် ဆောင်ရွက်နေကြောင်း အိမ်ရာနှင့် မြို့ပြ-ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

ယခုဆောင်ရွက်သည့် စီမံကိန်းများသည် သက်ကြီးရွယ်အိုများနှင့် လူငယ်များအတွက် အိမ်ရာနေထိုင်ရေးဆိုင်ရာအခက်အခဲကို ဖြေရှင်းပေးရန်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။



ယခုနှစ်တွင် အငှားအိမ်ရာ အိမ်ခန်းပေါင်း ၂ ဒသမ ၀၄ သန်း၏ ၇၂ ရာခိုင်နှုန်းကို တည်ဆောက်မည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

ပြီးခဲ့သည့်နှစ်နှစ်အတွင်း ရင်းနှီးမြှုပ်နှံငွေ ယွမ် ၅၂၀ ဘီလီယံဖြင့် အငှားအိမ်ရာ အိမ်ခန်း ၅ ဒသမ ၀၈ သန်းကို တည်ဆောက်နိုင်ခဲ့ပြီး နိုင်ငံသား ၁၅ သန်းခန့်၏နေထိုင်ရေးဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အနာဂတ်ကာလတွင်လည်း နိုင်ငံအတွင်းရှိ ဒေသန္တရတာဝန်ရှိသူများကို ထောက်ပံ့မှုများပေးအပ်ပြီး အငှားအိမ်ရာစီမံကိန်းများကို ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အမေရိကန်စစ်တပ်၏ နိုင်ငံများအပေါ် လွှမ်းမိုးလိုမှုသည် မလိုလားအပ်သည့် အဖျက်လုပ်ငန်းဖြစ်လာ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူ ပြောကြား

**မော်စကို စက်တင်ဘာ ၁၄**

အမေရိကန်စစ်တပ်၏ ကမ္ဘာ့နိုင်ငံများအပေါ် လွှမ်းမိုးလိုမှုသည် ခေတ်သစ်ကမ္ဘာအတွက် မလိုလားအပ်သည့် အဖျက်လုပ်ငန်းဖြစ်လာကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာကာရိုဗာက သတင်းစာရှင်းလင်းပွဲတွင် စက်တင်ဘာ ၁၃ ရက်က ပြောကြားခဲ့သည်။

ဆင်ဟွာသတင်းဌာနမှ ပညာရှင်များ၏ အမေရိကန်စစ်တပ်မှ အခြားနိုင်ငံများအပေါ် လွှမ်းမိုးမှုအန္တရာယ်ဆိုင်ရာအခြေခံအချက်များဟူသည့် မှတ်တမ်းအပေါ် အခြေခံ၍ ၎င်းက ယခုကဲ့သို့ ထပ်လောင်းပြောကြားခြင်းဖြစ်သည်။ ၎င်းမှတ်တမ်းအရ အချက်အလက်များ မှန်ကန်မှုရှိကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ အမေရိကန်စစ်တပ်က ကမ္ဘာ့နိုင်ငံများအပေါ်လွှမ်းမိုးရန် ဆောင်ရွက်ခဲ့ရာတွင် ကမ္ဘာ့နိုင်ငံများအတွက် အခက်အခဲများရှိလာခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## စစ်ကိုင်းမြို့နယ် သလွန်ဖြူကျေးရွာ၌ မိဘများအား လာရောက်ကန်တော့သည့် ရဲအရာရှိနှင့် မိသားစုအား PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ရဲအရာရှိနှင့် ဇနီးဖြစ်သူတို့ သေဆုံးကာ နှစ်နှစ်အရွယ် သားဖြစ်သူကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော်  စက်တင်ဘာ ၁၄**

စစ်ကိုင်းမြို့နယ် သလွန်ဖြူကျေးရွာ၌ မိဘများအား လာရောက်ကန်တော့သည့် ရဲအရာရှိနှင့် မိသားစုအား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ရဲအရာရှိနှင့် ဇနီးဖြစ်သူတို့ သေဆုံးကာ နှစ်နှစ်အရွယ် သားဖြစ်သူကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် တံတားဦးလေဆိပ်တာဝန်ကျ ရဲအရာရှိတစ်ဦးသည် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ၎င်း၏ဇနီး၊ ကိုးနှစ်အရွယ် သမီးတစ်ဦးနှင့် နှစ်နှစ်အရွယ် သားတစ်ဦးတို့နှင့်အတူ Honda Fit အမျိုးအစား မော်တော်ယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် သလွန်ဖြူကျေးရွာ၌ နေထိုင်သည့် မိဘများအား သွားရောက်ကန်တော့ကာ ညနေပိုင်းတွင် တံတားဦးလေဆိပ်သို့ ပြန်ရန်အတွက် ကျေးရွာရှိ ရွှေဘုံသာဘုန်းကြီးကျောင်းအနီး၌ ရပ်တန့်ထားသည့် ၎င်းတို့၏ မော်တော်ယာဉ်သို့ သွားရောက်စဉ် မော်တော်ယာဉ်အနီးအရောက်၌ အသင့်စောင့်ဆိုင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ရဲအရာရှိမှာ လက်နက်ငယ် ထိမှန်ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး နှစ်နှစ်အရွယ်သားဖြစ်သူတွင် တင်ပါးကျည်ထိမှန် ဒဏ်ရာရရှိခဲ့သည်။

ထို့နောက် အကြမ်းဖက်သမားများသည် ရဲအရာရှိ၏ဇနီးအား မော်တော်ယာဉ်ဖြင့် သလွန်ဖြူကျေးရွာအနောက်ပိုင်းဘက်သို့ ဖမ်းဆီးခေါ်ဆောင်၍ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ၎င်း၏ရုပ်အလောင်းအား ပြန်လည်သယ်ဆောင်၍ အခင်းဖြစ်နေရာ၌ ချထားကာ မော်တော်ယာဉ်အား မောင်းနှင်ယူဆောင်သွားခဲ့သည်။

ဖြစ်စဉ်တွင် ရဲအရာရှိနှင့် မိသားစုသည် မိဘများအား ဗုဒ္ဓဘာသာ ထုံးတမ်းအစဉ်အလာနှင့်အညီ သွားရောက်ကန်တော့ခြင်းသာဖြစ်ပြီး ထိုသို့ သွားရောက်ခြင်းသည် လုံခြုံရေးတာဝန်သွား ရောက်ထမ်းဆောင်ခြင်း မဟုတ်သကဲ့သို့ အခြားရည်ရွယ်ချက်ဖြင့် သွားရောက်ခြင်း မဟုတ်ကြောင်းနှင့် ၎င်း၏ဇနီးမှာလည်း နိုင်ငံရေးနှင့်ပတ်သက်ဆက်နွယ်မှုမရှိသူ ရိုးသားစွာ နေထိုင်လျက်ရှိသည့် သာမန်အရပ်သားပြည်သူတစ်ဦးသာဖြစ်ကြောင်း သိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများသည် နိုင်ငံ့ဝန်ထမ်းများအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် ဝန်ထမ်းများ၏ ရိုးသားစွာနေထိုင်လျက်ရှိပြီး နိုင်ငံရေးနှင့်ပတ်သက်ဆက်နွယ်မှုမရှိသူ အပြစ်မဲ့ပြည်သူများဖြစ်ကြသည့် မိဘ၊ ဇနီးနှင့် သားသမီးများကိုပါ အကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးချုပ်နှောင်ခြင်း၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ကာ ငွေကြေးတောင်းခံခြင်းများ စသည့် အကြမ်းဖက်မှုလုပ်ရပ်များကို ယုတ်မာရက်စက်စွာ လုပ်ဆောင်လျက်ရှိသဖြင့် ၎င်းအကြမ်းဖက်သမားများ၏ လုပ်ရပ်များအပေါ် အများပြည်သူများအနေဖြင့် ရွံရှာစက်ဆုပ်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း အကြမ်းဖက်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

## ပြည့်တန်ဆာလုပ်ငန်းသို့ ပို့ဆောင်ကာ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ် ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည့်တန်ဆာလုပ်ငန်းသို့ ပို့ဆောင်ကာ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ်နေ မိုးမိုးအောင် (ခ) ဂျူလိုင်မိုးက လိပ်စာတူ မ ---၊ ၁၈ နှစ်နှင့် မ ---၊ ၁၇ နှစ် တို့ကို တရုတ်နယ်စပ် အလှပြင်ဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် ၁၅ သိန်း ရရှိမည်ဟု ပြောဆိုစည်းရုံး၍ ပြည့်တန်ဆာအဖြစ် ခိုင်းစေပြီး ငွေကြေး အကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဘားအံမြို့မ ရဲစခန်း (ပ) ၄၅/၂၀၂၃၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်ခဲ့ကာ ဘားအံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ စက်တင်ဘာ ၁၃ ရက်တွင် တရားခံ မိုးမိုးအောင်(ခ)ဂျူလိုင်မိုးအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖



(၇၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး၊ ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်နိုင်၊ ကမာရွတ်မြို့မရဲစခန်းမှူး ဒုရဲမှူးခင်မောင်အေးနှင့် ရဲတပ်ဖွဲ့ဝင် ၅၀ တို့ အမှတ်(၄)ရပ်ကွက် မြန်မာ့သဘော်ာကျောင်းဝင်း အတုလမာန်အောင်စေတီတော် အတွင်း/အပြင်ချုံနွယ်များ ရှင်းလင်းပြီး ဘုရားစေတီရင်ပြင်အား သန့်ရှင်းရေးဆောင်ရွက်စဉ်။

စိမ်းလဲ့(ပြန်/ဆက်)

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး(Happy Water)များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး(Happy Water)များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၇ ရက် ညနေ ၄ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် လေဆိပ်၌ မဖြိုးကေသီကျော်မှ ရန်ကုန်သို့ တင်ပို့ရန် သယ်ဆောင်လာသည့် စက္ကူချပ်ဖာကို ရှာဖွေစစ်ဆေးရာ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၈၅၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၇ ဒသမ ၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ယင်းနေ့ ညနေ ၅ နာရီတွင် ပူးပေါင်းအဖွဲ့သည် သတင်းကွင်းဆက်အရ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် မမူမူကြူ (ခ) နန်းလောင်ငင်၊ စိုင်းဝိလတ်၊ မမီညားတို့ သုံးဦးအား Toyota Crown မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဒေသကာလ တန်ဖိုးငွေကျပ်သိန်း ၉၃၀၀ ကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး(Happy Water) ၈ ဒသမ ၅၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



မမူမူကြူ(ခ) နန်းလောင်ငင်၊ စိုင်းဝိလတ်၊ မမီညား တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**



(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇာနည်မောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၂ ရက်က မဘိမ်းမြို့ ကုန်းခါးကျောင်းတိုက် အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် မြက်များရှင်းလင်းခြင်း၊ ချုံနွယ်နှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



## ပေါင်းတည်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**ပေါင်းတည်  စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ နတ်တလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ပေါင်းတည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာရှစ်ရွာကို တစ်ရွာလျှင် ကျပ်သိန်း ၁၅၀ စီလွှဲပြောင်း ပေးအပ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ရှစ်ရွာ၌ တပ်ဆင်သုံးစွဲမည့် Mobile Solar ရေသန့်စင်စက် ကိုင်တွယ်သုံးစွဲနည်းအား ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လက်တွေ့လေ့ကျင့်ပြသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သုတ**

## လူငယ်သီတင်းပတ်အခမ်းအနားများ

# ဇန်းမော်တက္ကသိုလ်၌ လူငယ်သီတင်းပတ်ကျင်းပ

ဇန်းမော် စက်တင်ဘာ ၁၄

ဇန်မော်တက္ကသိုလ်၌ "လူငယ်သီတင်းပတ်" အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၆ ရက်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး ဆောင်ရွက်လှုပ်ရှားမှုအနေဖြင့် စာရိတ္တဗလနှင့် ဘောဂဗလကို ဖော်ဆောင်သော သိမှတ်ဖွယ်ရာ ကျင့်ဝတ်အဖြာဖြာဟောပြောပွဲနှင့် ဒေသအကျိုးပြု စာတမ်းငယ်ဖတ်ကြားခြင်း အခမ်းအနားကို ယင်းတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ပါမောက္ခများနှင့် ကျောင်းသားကျောင်းသူများက အသုံးချသုတေသန Project များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။ ဆက်လက်ပြီး အရှေ့တိုင်းပညာဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဒေါ်စန်းရွှေ က သိမှတ်ဖွယ်ရာကျင့်ဝတ်အဖြာဖြာခေါင်းစဉ်ဖြင့် ကျင့်ဝတ်ဆိုင်ရာသိမှတ်ဖွယ်ရာများကို ဟောပြောခဲ့ပြီး ဓာတုဗေဒဌာနနှင့် ရူပဗေဒဌာနတို့မှ ကျောင်းသား ကျောင်းသူများက ဒေသအကျိုးပြုသုတေသနစာတမ်းငယ်များကို ဖတ်ကြားခဲ့ရာ ကျောင်းသား ကျောင်းသူများက ကျင့်ဝတ်ဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများကို တက်ကြွစွာ ပါဝင်ဖြေဆိုကာ သုတေသနစာတမ်းများအား စိတ်ပါဝင်စားစွာ အမေးအဖြေများပြုလုပ်ခဲ့ကြသည်။



စက်တင်ဘာ ၇ ရက်က ဇန်းမော်တက္ကသိုလ်တွင် လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။

စက်တင်ဘာ ၇ ရက်က ကာယဗလနှင့် ဉာဏဗလကို ဖော်ဆောင်သော အားကစားသရုပ်ပြပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယင်းတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။



စက်တင်ဘာ ၆ ရက်က ဇန်းမော်တက္ကသိုလ်တွင် Project Show နှင့် ဒေသအကျိုးပြု စာတမ်းငယ်များ ဖတ်ကြားပွဲကျင်းပစဉ်။

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဘာသာရပ်ဌာနအသီးသီးမှ ကျောင်းသား ကျောင်းသူများက တိုက်ကွမ်ဒိုအားကစား၊ လက်ဝှေ့ အားကစားနှင့် Physical Fitness Dance အားကစားနည်းများကို သရုပ်ပြကစားကြသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်စိုး၊ ဇန်းမော်တက္ကသိုလ် သင်္ချာဌာန နည်းပြ ဒေါ်ဆွေသီရိကျော်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ်ဆောင်ရွက်ကြပြီး ဇန်းမော်တက္ကသိုလ် မြန်မာစာပထမနှစ် မဟာတန်း ကျောင်းသူ မနှင်းဖြူဖြူသွယ်မွန်၊ အင်္ဂလိပ်စာ စတုတ္ထနှစ်ကျောင်းသူ မမေသွေးခင်၊ သင်္ချာ ပထမနှစ်ကျောင်းသား မောင်စိုင်းစိုင်းဦးတို့က လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် ဇန်းမော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်နှင့် ဒေါက်တာဝင်းနိုင်တို့က အခမ်းအနားကို ကူညီပံ့ပိုးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တာလေမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

တာလေ စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့၌ လူငယ်များဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(တာလေ)၌ ကျင်းပသည်။

ဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်က လူငယ်လူရွယ်များ အသိဉာဏ်ပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade-10 ကျောင်းသား မောင်မင်းခန့်ညားနှင့် မောင်အောင်ဖြိုးခန့်တို့က "လူငယ်နှင့် ကျန်းမာရေး"၊ "လူငယ်နှင့်မလိုလားအပ်သောပြဿနာများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 ကျောင်းသူ မဆုမြတ်ဇော်နှင့် မနန်းဖိုးတို့က "လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး"၊ "လူငယ်နှင့်ပညာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသော မေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။

ယင်းနောက် မြို့အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်နှင့်တာဝန်ရှိသူများက လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ခင်းကျင်းပြသထားသည့် လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူလေးများက ဖတ်ရှုလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားများ

# ပုသိမ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ ကျင်းပ

ပုသိမ် စက်တင်ဘာ ၁၄

စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါ အထက်တန်းအဆင့် စာစီစာကုံးနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက "ရာသီဥတုပြောင်းလဲမှုလျှော့ချရေး အိုဇုန်းလွှာ ထိန်းသိမ်းကာကွယ်ပေး" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၁၄

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပခဲ့ကြောင်း သိရသည်။



ဦးစွာ မိတ္ထီလာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ကြွယ်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်း ပြောကြားခဲ့သည်။ ယင်းနောက် "ရာသီဥတုပြောင်းလဲမှုလျှော့ချရေး အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ပေး" ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်၊ ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ကြွယ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ချောင်းဆုံမြို့နယ်၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး

ချောင်းဆုံ စက်တင်ဘာ ၁၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ကို ကြိုဆိုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က ချောင်းဆုံမြို့နယ် လူထုအခြေပြု ဗဟိုဌာနခန်းမတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး (Talk Show) ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက အသိပညာပေး (Talk Show)ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အိန္ဒြေအောင်က ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ အိုဇုန်းလွှာအကြောင်း၊ အိုဇုန်းလွှာမှ လူသားနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးပြုပုံများ၊ အိုဇုန်းလွှာပျက်စီးခြင်းကြောင့် လူနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်စေနိုင်သည့်အချက်များနှင့် အိုဇုန်းလွှာ ပျက်စီးရသည့် အကြောင်းရင်းများကို ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် လိုက်နာရမည့်ကျင့်ဝတ်

မောင်ကမ္ဘာ

**လူထုဆက်သွယ်ရေးနည်းလမ်း(မီဒီယာ) များကို ခြုံငုံ၍ ပညာရပ်အဖြစ်ခေါ်ဝေါ်သော အသုံးအနှုန်းမှာ သတင်းစာပညာ(Journalism) ဟူ၍ဖြစ်သည်။**

**လတ်တလောဖြစ်ရပ်များကို လူထုထံ အချိန်မီသတင်းပို့သော အလုပ်အားလုံးသည် သတင်းစာပညာဖြစ်သည်။ Journalism ဟူသော စကားရပ်သည် လူထုဆက်သွယ်ရေးနည်းလမ်းအားလုံးကို ကိုယ်စားပြုပါသည်။ လူထုဆက်သွယ်ရေးလုပ်ငန်းများသည် တာဝန်ကြီးလေးသည်နှင့်အမျှ သြဇာလည်း ထက်မြက်သည်။ ထို့ကြောင့် လူထုဆက်သွယ်ရေးလုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် မလျော်သြဇာသုံး၍ လိုရာဆွဲအသုံးမပြုနိုင်ရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာသတင်းစာအဖွဲ့ချုပ် (International Press Institute) တို့က နိုင်ငံတကာသတင်းစာဆရာများ ကျင့်သုံးလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ၊ စံနှုန်းများကို ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့သည်။**

အဆိုပါနိုင်ငံကျင့်ဝတ်စည်းကမ်းကို သတင်းလုပ်ငန်းနှင့်တကွ နိုင်ငံနှင့်နိုင်ငံတကာ စာနယ်ဇင်းအသက်မွေးဝမ်းကျောင်းအသင်းများ၏ ဝေဖန်ချက်များ၊ အကြံပြုတင်ပြချက်များဖြင့် ကုလသမဂ္ဂ စတုတ္ထအကြိမ် အထောက်အကူပြု ကော်မတီ အစည်းအဝေးတွင် မူကြမ်းရေးဆွဲပြီးနောက် ယင်းမူကြမ်းကို ပြန်လည်ဆန်းစစ်ကာ ပဥ္စမအကြိမ်မြောက် အစည်းအဝေးတွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ကျင့်ဝတ်စည်းကမ်းနိဒါန်းတွင် “သတင်းစာလွတ်လပ်ခွင့်သည် အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်သည့်အပြင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ လွတ်လပ်ခွင့်များနှင့် နိုင်ငံတကာ အမိဋ္ဌာန်ပြု လူ့အခွင့်အရေးကြေညာစာတမ်းပါ လွတ်လပ်ခွင့်အားလုံး၏ စံနှုန်းလည်းဖြစ်သည်။ သတင်းစာလွတ်လပ်ခွင့်သည် ငြိမ်းချမ်းရေးထိန်းသိမ်းမြှင့်တင်ရေးအတွက် မရှိမဖြစ်လိုအပ်သည်” စသည်ဖြင့် သတင်းစာလွတ်လပ်ခွင့်နှင့်ပတ်သက်၍ ဖွင့်ဆိုထားသည်။

### သတင်းစာကျင့်ဝတ်စည်းကမ်းများ

လိုက်နာရမည့် သတင်းစာကျင့်ဝတ်စည်းကမ်းများနှင့်စပ်လျဉ်း၍ “ပြည်သူ့ထံမှောက် ရောက်ရှိသည့် သတင်းများ၊ အချက်အလက်များ တိကျမှန်ကန်ရေးကို အာမခံရန် သတင်းစာနှင့် အခြားသော လူထုဆက်သွယ်ရေးလုပ်သားများက အစွမ်းကုန်ဆောင်ရွက်ရမည်။ ၎င်းတို့သည် သတင်းအချက်အလက်အားလုံးကို အစွမ်းဆောင်နိုင်ဆုံး စစ်ဆေးရမည်။ သတင်းအချက်အလက်ကို ပုံပျက်ပန်းပျက်ဖြစ်စေရန် တမင်တကာမပြုလုပ်ရ၊ ထို့ပြင် လိုရင်းအချက်အလက်ကိုလည်း တမင်သက်သက် ဖုံးဖိဖျောက်ဖျက်ခြင်းမပြုရ” ဟူ၍လည်းကောင်း၊

“တမင်သက်သက် သားပုပ်လေလွင့် ပြောဆိုရေးသားမှု၊ သူတစ်ပါးအကြောင်း မကောင်းပြောဆိုရေးသားမှု၊ အသရေပျက်စေသော အရေးအသား၊ အခြေအမြစ်မရှိ စွပ်စွဲဖော်ပြချက်များနှင့် သူတစ်ပါး၏ အတွေးအခေါ် စကားလုံးများကို ခိုးချခြင်းများသည် ဤအသက်မွေးဝမ်းကျောင်းလုပ်ငန်း၏ ကြီးလေးသော ပြစ်မှုများဖြစ်သည်” ဟူ၍လည်းကောင်း၊

“ပြည်သူတို့နှင့် ပတ်သက်၍ ရိုးသားမှုမှာ လျော်ကန်သင့်မြတ်သော သတင်းစာအတတ်ပညာ၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ထုတ်ဝေဖြန့်ချိလိုက်သော သတင်းတစ်ရပ်ရပ်သည် တစ်စုံတစ်ဦးကို ထိခိုက်နစ်နာစေလျက် မတိမကျဖြစ်နေသည်ကို တွေ့ရှိသည်နှင့်တစ်ပြိုင်နက် မဆိုင်းမတွ ပြင်ဆင်ချက် ထည့်ပေးရမည်ဖြစ်သည်။ ကောလာဟလများနှင့် အတည်ပြုချက်မရသေးသောသတင်းများကို စိစစ်ခွဲခြားပြီး သီးသန့်ဖယ်ထားရမည်” ဟူ၍လည်းကောင်း၊

“လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကို လေးစားရမည်။ ထို့ပြင် ၎င်းတို့၏ ကိုယ်ပိုင်ဘဝနှင့်ပတ်သက်၍ ဝေဖန်ရေးသားမှုကို အများပြည်သူအကျိုးစီးပွားအတွက်မဟုတ်လျှင် ထုတ်ဝေဖြန့်ချိခြင်း မပြုလုပ်ရ၊ ဂုဏ်သိက္ခာ သို့မဟုတ် စာရိတ္တကို ထိပါးဖော်ပြပါက ချေပနိုင်သည့် အခွင့်အရေးပေးရမည်” ဟူ၍လည်းကောင်း၊

“နိုင်ငံခြားတိုင်းပြည်တစ်ခုနှင့် ပတ်သက်သည့် အဖြစ်အပျက်များကို ဖော်ပြ ဝေဖန်သူများအနေဖြင့် ထိုနိုင်ငံအကြောင်းကို လေ့လာသိရှိဆည်းပူးထားရန် တာဝန်ရှိသည်။ သို့မှသာ ယင်းအပေါ်တွင် တိတိကျကျနှင့် တရားမျှတစွာ ဝေဖန်ဖော်ပြနိုင်မည်ဖြစ်သည်” ဟူ၍လည်းကောင်း စသည်ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

> **အနောက်အုပ်စုဝင် မီဒီယာအချို့သည် ၁၉၈၈ ခုနှစ် အရေးအခင်းကာလမှ မျက်မှောက်ကာလတိုင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ မရေမရာ မသေချာသည့်သတင်းများ၊ အမှန်တရားနှင့် ကင်းကွာနေသည့်သတင်းများ၊ တစ်ဖက်သတ်စွပ်စွဲရေးသားမှုများ၊ မမှန်မကန် လီဆယ်လုပ်ကြံဖော်ပြမှုများ၊ ဘက်လိုက်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများ စသည်တို့ကို သတင်းစာကျင့်ဝတ်စံနှုန်းများနှင့် သွေဖည်ကာ ရေးသားထုတ်လွှင့်ဖော်ပြလျက်ရှိနေဆဲပင်**

### သတင်းစာဆရာများ လိုက်နာရမည့်ကျင့်ဝတ်

ထို့အတူ နိုင်ငံတကာ သတင်းစာဆရာများအဖွဲ့ချုပ်ကလည်း“သတင်းစာဆရာသည် ပင်ရင်းသတင်းအချက်အလက်များအရသာလျှင် သတင်းဖော်ပြရမည်၊ သတင်းကို ဖုံးဖိခြင်း၊ သို့မဟုတ် လွဲမှားအောင် ပြုပြင်ခြင်းမပြုရ” စသည်ဖြင့် သတင်းစာဆရာများ လိုက်နာရမည့် ကျင့်ဝတ်ဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ ၁၉၅၄ ခုနှစ်က ကျင်းပခဲ့သော နိုင်ငံတကာ သတင်းစာဆရာများအဖွဲ့ချုပ်၏ ဒုတိယအကြိမ် ကမ္ဘာ့ညီလာခံတွင် အတည်ပြုကြေညာခဲ့ပါသည်။

အင်တာအမေရိကန် သတင်းစာအသင်းကလည်း သတင်းစာဆရာ ကျင့်ဝတ်စည်းကမ်းနှင့်ပတ်သက်၍ “တိကျမှန်ကန်စွာ သတင်းပေးရန်၊ ပြည်သူသို့ သိပိုင်ခွင့်ရှိသောသတင်းကို မထိမ်ချန်ရန်၊ အစဉ်သဖြင့် ပုဂ္ဂိုလ်စွဲကင်းသော၊ တည့်မတ်မှန်ကန်သော ရေးသားဟန်ကိုအသုံးပြုရန်၊ ကောလာဟလများနှင့် သတင်းရရှိသည်ဆိုသည်ဟူသော သတင်းရေးသားမှုမျိုးကိုချန်ပြီး သက်သေအထောက်အထားခိုင်လုံသည့် သတင်းအချက်အလက်များကိုသာဖော်ပြရန်၊ မှားယွင်းသည့်သတင်းကို ရေးသားထုတ်ဝေခြင်းထက် ယင်းသတင်းကို ဖယ်ရှားသင့်ကဖြုတ်ထုတ်ဖယ်ရှားပစ်ရန်၊ သတင်းကို ဝေဖန်ချက်ပေးသည်နှင့်တူသော ရေးသားသူ၏ ထင်မြင်ချက်ကို သတင်းတွင် ထည့်သွင်းဖော်ပြခြင်း မပြုမိရန်၊ သတင်းတစ်ပုဒ်ကို မရေးသားမီတွင် သြဇာကြီးမားထက်မြက်သော ကလောင်လက်နက်သည် သတင်းရေးသူလက်တွင်ရှိနေသည်ဆိုသော အချက်ကို ခေါင်းထဲထည့်ထားရန်နှင့် ပုဂ္ဂလိက သို့မဟုတ် ပြည်သူ့အရာထမ်းတစ်ဦးတစ်ယောက်ကို တစ်စုံတစ်ရာ ထိခိုက်နစ်နာအောင် ဖော်ပြမိခြင်းသည် နောက်မှ မည်သည့်အတိုင်းအတာဖြင့် ဖြေရှင်းခြင်း၊ သို့မဟုတ် ရုပ်သိမ်းခြင်းပြုသည်ဖြစ်စေ၊ မည်သည့်အခါမျှ လုံးဝဥဿုံပြေပျောက်သွားနိုင်မည်မဟုတ်ကြောင်းကို သတိရှိနေရန်၊ နှစ်ဖက်အငြင်းပွားဖွယ်ကိစ္စများတွင် သမာသမတ်ရှိပြီး အဂတိမလိုက်စားဘဲ ဂုဏ်သိက္ခာရှိရှိ ရပ်တည်သဘောထားရန်” စသည်ဖြင့် ၁၉၂၆ ခုနှစ်က ကျင်းပသည့် ပထမအကြိမ် ကွန်ဖရင့်တွင် အတည်ပြုခဲ့ပြီး တစ်ဖန် ၁၉၅၀ ပြည့်နှစ်က ကျင်းပခဲ့သည့် ကွန်ဖရင့်တွင် ထပ်မံအတည်ပြုခဲ့ကြသည်။

### ဂျပန်နိုင်ငံ သတင်းစာစည်းမျဉ်းဥပဒေ

ဂျပန်နိုင်ငံ၌လည်း သတင်းစာထုတ်ဝေသူများနှင့် အယ်ဒီတာများအသင်းကြီး (Nihon Shinbun Kyokai)က သတင်းစာစည်းမျဉ်းဥပဒေဟူ၍ ၁၉၄၆ ခုနှစ်ကစပြီး ပြဋ္ဌာန်းထားရာ ယခုတိုင်လိုက်နာကျင့်သုံးလျက်ရှိကြသည်။

ဂျပန်သတင်းစာ စည်းမျဉ်းဥပဒေများတွင် စာနယ်ဇင်းလွတ်လပ်ခွင့်၊ သတင်းရေးသားခြင်းနှင့် အယ်ဒီတာ့အာဘော်ရေးသားမှုနယ်ပယ်၊ အယ်ဒီတာ့အာဘော်ဝေဖန်ရေးသားခြင်း၏ အခြေခံမှု၊ သမာသမတ်ကျမှု၊ သဘောထားကြီးခြင်း၊ လမ်းညွှန်မှု-တာဝန်ရှိမှုနှင့် ဂုဏ်ရှိမှု၊ ယဉ်ကျေးဖွယ်ရာရှိမှုဟူ၍ ကဏ္ဍခုနစ်ရပ်ပါရှိသည်။

**သမာသမတ်ကျမှုကဏ္ဍတွင် ဝေဖန်ရေးသားခြင်းခံရသူများသည် ပြန်လည်ခုခံရှင်းလင်းခွင့်ရှိရမည်။ မိမိရေးသားလိုက်သောသတင်း သို့မဟုတ် ဆောင်းပါးသည် အချက်အလက်မှားယွင်းနေကြောင်းကို သိသိချင်း အမြန်ဆုံးပြန်လည်ရှင်းလင်းဖော်ပြပေးရမည်ဟူ၍ ဖော်ပြပြဋ္ဌာန်းထားသည်။**

သဘောထားကြီးခြင်းကဏ္ဍတွင် ဒီမိုကရေစီ၏ အခြေခံမူတစ်ခုမှာ လူတစ်ဦးချင်း၏သဘောထားကို တင်ပြခွင့်ရှိခြင်းနှင့် ချေပခွင့်ရှိခြင်းဖြစ်သည်။ သတင်းစာများကို တည်းဖြတ်ရာတွင် ထိုအခြေခံမူကို ထင်ဟပ်ရမည်။ မိမိသတင်းစာနှင့် ဆန့်ကျင်သောဘက်မှ သတင်းများကိုလည်း မိမိ၏ သတင်းစာတွင် ဖော်ပြပေးရမည်ဟုဆိုသည်။

> **မြန်နှုန်းမြင့်အင်တာနက်ခေတ်တွင် မီဒီယာများ ထိန်းသိမ်းလိုက်နာရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကို လေးစားရမည်ဟူသည့် စံနှုန်းများမှာ လုံးဝပျောက်ကွယ်လုနီးနီးဖြစ်လာသည်။ အင်တာနက်ဝက်ဘ်ဆိုက်၊ အွန်လိုင်းနှင့် လူမှုကွန်ရက်များမှတစ်ဆင့် သူတစ်ပါးအကြောင်း မကောင်းပြောဆိုရေးသားမှုများ၊ တမင်သက်သက် သားပုပ်လေလွင့်ပြောဆိုရေးသားမှုများ၊ အသရေပျက်စေသော အရေးအသား၊ အခြေအမြစ်မရှိသော စွပ်စွဲဖော်ပြချက်များအပြင် ညစ်ညမ်းရုပ်ပုံများ၊ ညစ်ညမ်းစာပေများ၊ ဖြားယောင်းသွေးဆောင်ခြင်းများ၊ လိမ်လည်မှုများကို ပိုမိုလုပ်ဆောင်လာကြ**

ယဉ်ကျေးဖွယ်ရာရှိမှုကဏ္ဍတွင် သတင်းစာသည် အများပြည်သူထင်မြင်ချက်ကို သြဇာလွှမ်းမိုးသည်ဖြစ်၍ သတင်းစာများသည် အရေးအသားတင်ပြပုံမှအစ ယဉ်ကျေးဖွယ်ရာရှိရမည်ဟူ၍ ဖော်ပြပါရှိသည်။

### စာနယ်ဇင်းကျင့်ဝတ်များ

မြန်မာနိုင်ငံတွင်လည်း မျက်မှောက်ကာလတိုင် အစဉ်တစိုက် ကျင့်သုံးလိုက်နာ ဆောင်ရွက်ခဲ့ကြသည့် စာနယ်ဇင်းကျင့်ဝတ်များရှိပါသည်။ နိုင်ငံတကာ သတင်းစာဆရာများ လိုက်နာရမည့် ကျင့်ဝတ်ဆိုင်ရာ မူဝါဒများနည်းတူ သတင်းရေးသားရာတွင် ရှောင်ရန်၊ ဆောင်ရန်များကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

“ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြိုကွဲစေခြင်း၊ နိုင်ငံတော်၏နယ်နိမိတ်နှင့် အချုပ်အခြာအာဏာကို ထိပါးခြင်းဟူသည်တို့၌ အကျုံးဝင်သော နိုင်ငံတော်လုံခြုံမှုကို ထိခိုက်စေမည့်သတင်း၊ ဆောင်းပါးများကို လုံးဝရေးသားဖော်ပြခြင်းမပြုရန်။ စာနယ်ဇင်းများသည် တမင်ကြံရွယ်တွက်ဆလျက် ဘာသာရေး၊ လူမျိုးရေးမုန်းတီးမှုများကို လှုံ့ဆော်ခြင်းမပြုရ၊ ဇာတိကိုသော်လည်းကောင်း၊ ကိုးကွယ်ရာဘာသာကိုသော်လည်းကောင်း အကြောင်းပြု၍ မတရား ဝေဖန်ရေးသားခြင်းမပြုရန်လည်း တားမြစ်ထားသည်။

ပြန်ကြားရေးဝန်ကြီးဌာနကလည်း ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသူများကို စိစစ်ခွင့်ပြုပေးလျက်ရှိသည့်နည်းတူ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေး၊ နိုင်ငံသားတိုင်းတန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့နှင့်ပတ်သက်၍ ထိခိုက်စေသည့် အကြောင်းအရာတို့ကို ရေးသားထုတ်လွှင့်ဖော်ပြပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းသည်အထိ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆိုရလျှင် သတင်းစာ သို့မဟုတ် သတင်းမီဒီယာလွတ်လပ်ခွင့်၊ သတင်းသမားတို့၏ အခွင့်အရေးနှင့်အတူ လိုက်နာစောင့်ထိန်းကြရမည့် ကျင့်ဝတ်စည်းကမ်း၊ စံနှုန်းများကလည်း ဒွန်တွဲယှဉ်တွဲပါရှိနေသည်ဟု ဆိုရပါမည်။

သို့ရာတွင် **အနောက်အုပ်စုဝင် မီဒီယာအချို့သည် ၁၉၈၈ ခုနှစ် အရေးအခင်းကာလမှ** မျက်မှောက်ကာလတိုင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ မရေမရာ မသေချာသည့်သတင်းများ၊ အမှန်တရားနှင့်ကင်းကွာနေသည့်သတင်းများ၊ တစ်ဖက်သတ်စွပ်စွဲရေးသားမှုများ၊ မမှန်မကန် လီဆယ်လုပ်ကြံဖော်ပြမှုများ၊ ဘက်လိုက်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများ စသည်တို့ကို သတင်းစာ ကျင့်ဝတ်စံနှုန်းများနှင့် သွေဖည်ကာ ရေးသားထုတ်လွှင့်ဖော်ပြလျက်ရှိနေဆဲပင်။

၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် ဘီဘီစီနှင့် ဗွီအိုအေအသံလွှင့်ဌာနများသည် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကာ သတင်းမှားများ၊

စာမျက်နှာ ၁၇ သို့ ✦

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

မုံရွာ စက်တင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အသီးသီးမှ မျိုးဆက်သစ်ရွက်ပုန်းသီး အနုပညာရှင်များကို ဖော်ထုတ်မြှင့်တင်ပြီး အရည်အချင်းရှိသူများကို ရွေးချယ်စုဖွဲ့လေ့ကျင့်ပြီး နိုင်ငံတော်အဆင့်သို့ တိုင်းဒေသကြီးကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။




ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးတင်သန်းဝင်း၊ စစ်ကိုင်းပညာရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်မြတ်သော်၊ အနုပညာရှင် ပန်တျာဦးမြကြည်တို့က (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါ ကျောင်းဝင်းအတွင်း ကျင်းပလျက်ရှိသော (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းခရိုင်၊ မော်လိုက်ခရိုင်၊ မုံရွာခရိုင်၊ ရေဦးခရိုင်၊ ဟုမ္မလင်းခရိုင်များမှ အမျိုးသား/အမျိုးသမီး အဆိုပြိုင်ပွဲ၊ အက ပြိုင်ပွဲ၊ အတီးပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၀ ခရိုင်မှ ပြိုင်ပွဲဝင်အနုပညာရှင် ၃၁၇ ဦး ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

✦ စာမျက်နှာ ၁၆ မှ

မမှန်မကန်သတင်းများအပေါ် အခြေခံသော ချဲ့ကားထားသည့် သတင်းဆောင်းပါးများ၊ သတင်းလွှာများကို ဆက်တိုက်ထုတ်လွှင့်၍ မီးလောင်ရာလေပင့်ပေးခဲ့ကြသည်။ ဩဂုတ်လဆန်းမှစတင်၍ ၈-၈-၈၈ ရက် ရှစ်လေးလုံး လူထုအုံကြွမှုကြီး ပေါ်ပေါက်လာစေရန် ကြိုတင်နှတ်ကြောင်းပေးခဲ့ကြသည်။

**နှုတ်ကြောင်းပေး၊ သွေးထိုးလှုံ့ဆော်ခဲ့**

ဘီဘီစီအသံလွှင့်ဌာနက ၇-၈-၁၉၈၈ ရက်နေ့တွင် "ရန်ကုန်မြို့ရှိ အနောက်နိုင်ငံ သံတမန်များနဲ့ ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံမှ ရောက်ရှိလာကြတဲ့ ခရီးသည်များအဆိုအရ တနင်္လာနေ့မှာ ကျင်းပဖို့ စီမံထားတဲ့ ပြည်လုံးကျွတ်အထွေထွေသပိတ်ကြီးနဲ့ ကန့်ကွက်ပွဲများရင်ဆိုင်ရန် အာဏာပိုင်များက ပြင်ဆင်ထားကြောင်းနဲ့ ဗန်ကောက်လေဆိပ်ကို ရောက်ရှိလာကြတဲ့ အချို့ကနေ ပြောကြားချက်များကတော့ မြန်မာနိုင်ငံမှာ လွတ်လပ်ခွင့်မပေးမချင်း မြန်မာနိုင်ငံသို့ ပြန်လာကြလိမ့်မယ် မဟုတ်ဘူးလို့ ပြောဆိုကြပါတယ်။ ပြင်ပကမ္ဘာကနေ မြန်မာနိုင်ငံရဲ့ လက်ရှိအစိုးရကို ဖယ်ရှားဖို့ တစ်စုံတစ်ရာ လုပ်ဆောင်ပေးနိုင်မလားလို့လည်း ၎င်းတို့က မျှော်လင့်နေကြပါတယ်တဲ့။ ၈၈ ခုနှစ်၊ ၈ လ၊ ၈ ရက်နေ့မှာ အစိုးရဆန့်ကျင်ဆန္ဒပြဖို့ ရွေးချယ်ခဲ့ကြတာဟာ နံပါတ် (၈) ကို ထူးခြားတဲ့နံပါတ်အဖြစ်နဲ့ သတ်မှတ်ကြလို့ဖြစ်ပါတယ်"ဟုဆိုပြီး ကြိုတင်နှုတ်ကြောင်းပေး၊ သွေးထိုးလှုံ့ဆော်ခဲ့လေသည်။

ထို့အတူ ၆-၈-၁၉၈၈ ရက်နေ့တွင် ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂန်းနစ်က မတ်လအရေးအခင်းအတွင်း အကျဉ်းထောင်ထဲတွင် ခေတ္တဖမ်းဆီးထိန်းသိမ်းစစ်ဆေးမှုခံရသည့် ကျောင်းသူလေးများ အဓမ္မမတရားပြုကျင့်မှုခံရသဖြင့် ကိုယ်ဝန်ရှိလာပြီးနောက် ထောင်ကလွတ်သည့်အခါတွင် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခဲ့ကြကြောင်းစသည်ဖြင့် မဟုတ်မမှန် လုပ်ကြံဖန်တီးထားသည့်တွေ့ဆုံမေးမြန်းခန်းကို အသံလွှင့်ဖော်ပြ၍ ထိုစဉ်က အစိုးရကို လူထုက နာကြည်းမုန်းတီးမှုများဖြစ်လာစေရန်နှင့် ၈-၈-၁၉၈၈ ရက်နေ့တွင် ပြည်လုံးကျွတ် အထွေထွေသပိတ်ကြီး ပေါ်ပေါက်လာစေရန် ကြိုတင်သွေးထိုးလှုံ့ဆော်ခဲ့လေသည်။

မျက်မှောက်ကာလတွင် မီဒီယာလောကသည် ခေတ်နှင့်အညီ တစ်ရှိန်ထိုးပြောင်းလဲတိုးတက်လာပါသည်။ တစ်ဖက်တွင်လည်း လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်၊ စည်းကမ်းများနှင့် စံနှုန်းများမှာလည်း ကျိုးပေါက်မှုများ ပိုမိုများပြားလာသည်။ အမေရိကန်ပါမောက္ခ Frank Luther Mott က သတင်းစာကျင့်ဝတ်စည်းကမ်းများနှင့်ပတ်သက်၍ "သတင်းများကို အမှန်တရားနှင့် ကင်းကွာစေပြီး ဘက်လိုက်ဖော်ပြခြင်းသည် သတင်းစာလုပ်ငန်း၏ အခြေခံမှုကို အကြည်ညိုပျက်အောင် လုပ်ဆောင်ခြင်းမည်၏" ဟု ရေးသားခဲ့သော်လည်း အမေရိကန် ဦးဆောင်သော အနောက်အုပ်စုဝင် မီဒီယာအများစုသည် ဝါဒချင်း၊ သဘောထားချင်း မတိုက်ဆိုင်သည့် ၎င်းတို့နှင့် ဆန့်ကျင်ဘက်နိုင်ငံများနှင့် နိုင်ငံငယ်များအပေါ် မလျော်ဩဇာသုံး၍ အမှန်တရားနှင့်ကင်းကွာသည့် သတင်းမှားများ၊ သက်သေအထောက်အထား မခိုင်လုံသည့် သတင်းများ၊ အခြေအမြစ်မရှိသော စွပ်စွဲဖော်ပြချက်များ၊ ဘက်လိုက်မှုများ၊ သတင်းအချက်အလက်များကို ပုံပျက်ပန်းပျက်ဖြစ်စေရန် ပြုလုပ်မှုများ၊ လိုရင်းအချက်အလက်ကို တမင်သက်သက် ဖုံးဖိဖျောက်ဖျက်ခြင်းများကို ပိုမိုလုပ်ဆောင်ဖော်ပြလာကြသည်။

ထို့အတူ မြန်နှုန်းမြင့် အင်တာနက်ခေတ်တွင် မီဒီယာများ ထိန်းသိမ်းလိုက်နာရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကို လေးစားရမည်ဟူသည့် စံနှုန်းများမှာ လုံးဝပျောက်ကွယ်လုနီးနီးဖြစ်လာသည်။ အင်တာနက် ဝက်ဘ်ဆိုက်၊ အွန်လိုင်းနှင့် လူမှုကွန်ရက်များမှတစ်ဆင့် သူတစ်ပါးအကြောင်း မကောင်းပြောဆိုရေးသားမှုများ၊ တမင်သက်သက် သားပုပ်လေလွင့်ပြောဆိုရေးသားမှုများ၊ အသရေပျက်စေသော အရေးအသား၊ အခြေအမြစ်မရှိသော စွပ်စွဲဖော်ပြချက်များအပြင် ညစ်ညမ်းရုပ်ပုံများ၊ ညစ်ညမ်းစာပေများ၊ ဖြားယောင်းသွေးဆောင်ခြင်းများ၊ လိမ်လည်မှုများကို ပိုမိုလုပ်ဆောင်လာကြသည်။

သို့ဖြင့် သတင်းစားသုံးသူ ပြည်သူများသည် ဆင်ခြင်တုံတရားလက်ကိုင်ထား၍ ဖော်ပြပါ သတင်းများ မှန်-မမှန်၊ သတင်းစာကျင့်ဝတ် စည်းမျဉ်းစည်းကမ်း၊ စံနှုန်းများနှင့် ညီ-မညီ၊ ကိုက်-မကိုက်ကို အသိ၊ သတိတို့ဖြင့် လေ့လာအကဲဖြတ်ကြည့်ရန် လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ကိုးကား - မောင်ဝံသ၏ "သတင်းစာပညာ သဘောတရားနှင့် လက်တွေ့"**

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၉-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၈၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၅ | ၂၄၄၀ | ၂၄၁၅ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၀ | ၂၄၃၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၇၀၀ | ၃၃၁၅ |
| 95 Ron | ၂၅၁၀ | ၂၅၆၀ | ၂၅၆၀ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၀ | ၂၅၆၅ | ၂၅၄၅ | ၂၆၄၅ | ၂၆၆၀ | ၂၅၅၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၅ | ၂၆၀၀ | ၂၈၃၀ | ၃၄၁၅ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၅ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၅ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၇၅၀ | ၂၇၄၅ | ၂၆၃၅ | ၂၆၄၅ | ၂၆၈၀ | ၂၆၈၀ | ၂၆၈၅ | ၂၉၁၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၆၇၀ | ၂၇၂၀ | ၂၇၂၀ | ၂၆၈၀ | ၂၇၂၀ | ၂၇၄၅ | ၂၇၄၀ | ၂၇၀၅ | ၂၈၂၅ | ၂၈၂၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၅၅ | ၂၇၆၀ | ၂၇၆၀ | ၂၉၉၀ | ၃၄၇၅ |
| HSD (10 ppm) | ၂၆၇၀ | ၂၇၂၀ | ၂၇၂၀ | ၂၆၈၀ | ၂၇၂၀ | ၂၇၄၅ | ၂၇၄၀ | ၂၇၀၅ | ၂၈၂၅ | ၂၈၂၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၅၅ | ၂၇၆၀ | ၂၇၆၀ | ၂၉၉၀ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၆၈ | ၂၃၄၇ |
| 95 Ron | ၂၃၉၃ | ၂၄၇၄ |
| HSD (500 ppm) | ၂၄၇၄ | ၂၅၅၃ |
| HSD (50 ppm) | ၂၅၄၈ | ၂၆၂၉ |
| HSD (10 ppm) | ၂၅၄၈ | ၂၆၂၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

---



## စုပေါင်းသွေးလှူသော ရဲတပ်ဖွဲ့ဝင်များအား အာဟာရဖြည့် အစားအစာများပေးအပ်

လောက်ကိုင် စက်တင်ဘာ ၁၄

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့၊ လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းကိုဦး ဦးစီး၍ ရဲစခန်းမှူးများ၊ တပ်ဖွဲ့ဝင် ၃၀၊ အမှတ်(၁၂၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင် ငါးဦးတို့သည် အမှတ်(၁၄) ခုတင်(၁၀၀)တပ်မတော်ဆေးရုံ လောက်ကိုင်မြို့၌ စုပေါင်းသွေးလှူဒါန်းမှုကို ယနေ့တွင် ဗိုလ်မှူးလှမြင့်သိန်း(ရောဂါဗေဒပါရဂူ) ဦးစီးအဖွဲ့ဝင် ခြောက်ဦးတို့က တပ်ဖွဲ့ဝင်များအား သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပြီး သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား ကြက်ဥ၊ ဘီစကွတ်၊ နို့မှုန့်၊ ဘာလီရည် စသည့် အာဟာရဓာတ်ဖြည့်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၄-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
| --- | --- | --- |
| ၆၂၀၀။ | ကွယ်လွန်သူ ဖခင်ကြီး ဗိုလ်ကြီးမောင်အေး(ငြိမ်း)နှင့် မိခင်ကြီး ဒေါ်ရင်မြတို့အားရည်စူး၍ သား၊ သမီးများဖြစ်ကြသော ဒေါ်မြင့်မြင့်စိန်၊ ဒေါ်ခင်ညိုညို၊ ဒေါ်သန်းသန်းအေး၊ ဝဏ္ဏကျော်ထင် ဦးအောင်ကျော်ထွန်း၊ ဦးအောင်ရဲသူတို့ကောင်းမှု | ၅၀၀၀၀၀၀ |
| ၆၂၀၁။ | ဦးအေးစိန်မိသားစုကောင်းမှု | ၃၁၀၀၀၀၀ |
| ၆၂၀၂။ | ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၇)၊ အထူးသူရ(၈၇)တပ်ခွဲဆင်းအရာရှိမိသားစုများကောင်းမှု | ၃၀၀၀၀၀၀ |
| ၆၂၀၃။ | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၂၀၄။ | အင်ဂျင်နီယာအသင်းချုပ်ကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၂၀၅။ | ဦးသန်းအောင်နှင့်ဇနီး ဒေါ်အေးအေးလွင် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၂၀၆။ | အနန္တောအနန္တငါးပါးဦးထိပ်ထား၍ ဦးအောင်ဖေစိန်နှင့်ဇနီး ဒေါ်ဝင်းမော်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၂၀၇။ | ဗိုလ်မှူးဝင်းနိုင်အောင်နှင့်ဇနီး ဒေါ်ငွေငွေကြည်၊ (သမီး) မအိန္ဒြာမြင့်မိုရ်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၂၀၈။ | ဦးမောင်မောင်ကျော်အားရည်စူး၍ ဒေါ်တင်တင်ဝင်းနှင့် ကျန်ရစ်သူမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၂၀၉။ | A to Z Engineering Solutions Co.,Ltd ကောင်းမှု | ၃၀၀၀၀၀ |
| ၆၂၁၀။ | ဦးတင်အောင်နှင့်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၂၁၁။ | ဦးသန်းဝင်းနှင့်ဇနီး ဒေါ်ဖြူဖြူညွန့် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၂၁၂။ | ဦးဟံစိန်နှင့်ဇနီး ဒေါ်နန်းထွေးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၂၁၃။ | ဒေါက်တာဒေါ်နှင်းသီရိဦးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၂၁၄။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၂၁၅။ | ဒုတိယဗိုလ်မှူးကြီးရဲဦးနှင့်ဇနီး ဒေါ်စုမွန်ရွှေ မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၆၂၁၆။ | ဦးအောင်သက်ပိုင်နှင့်ဇနီး ဒေါ်ကေခိုင်ငွေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၁၇။ | ဦးစိန်မြင့်နှင့်ဇနီး ဒေါ်လှလှမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၁၈။ | ဦးလှငွေနှင့်ဇနီး ဒေါ်မိမိသင်း၊ သားများဖြစ်ကြသော မောင်စောရန်နောင်၊ မောင်သန်းထိုက်ဇော်၊ မောင်ကျော်ဆုသွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၁၉။ | မိခင်ကြီး ဒေါ်သန်းကြည်နှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၂၀။ | ဒေါ်ခင်မိုးကြည်၊ ဦးသက်ထွန်းကြည်၊ ဒေါ်ရီရီထွေး တို့ကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၂၁။ | ဦးခင်မောင်ထွေးနှင့်ဇနီး ဒေါ်ခင်ထွေးမေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၂၂။ | ဦးထွန်းရင်နှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၂၃။ | ဦးကျော်သန့်စိန်နှင့်ဇနီး ဒေါ်သန်းသန်းဝေ၊ (သမီး) မဝင့်သိင်္ဂီကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၂၄။ | ဖခင်ကြီး ဦးသန်းတင်နှင့် မိခင်ကြီး ဒေါ်အုန်းငွေ၊ မောင်လေးများ၊ ညီမ၊ တူသား မောင်ကောင်းမြတ်ဦးအားရည်စူး၍ ဒေါ်လှလှဝင်း၊ ဒေါ်မြင့်မြင့်အေးကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၂၅။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးမြင့်မောင်နှင့်ဇနီး ဒေါ်မြင့်မြင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၂၆။ | ဦးမြင့်ဝင်းနှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၂၂၇။ | တပ်ကြပ်ကြီးနေမျိုးနှင့်ဇနီး ဒေါ်သီသီဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၂၈။ | ဒေါ်အေးအေးစန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၂၉။ | ကွယ်လွန်သူ ဒေါ်မြင့်နီအားရည်စူး၍ ဦးခင်မောင်ဆင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၃၀။ | ဗိုလ်ကြီးအောင်ကိုလတ်နှင့်ဇနီး ဒေါ်ငြိမ်းငြိမ်းမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၃၁။ | ဒုတိယအရာခံဗိုလ်သန်းညွန့်အားရည်စူး၍ ဇနီး ဒေါ်စိန်မြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၃၂။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးဘခင်နှင့်ဇနီး ဒေါ်အုန်းလှမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၃၃။ | ဦးအောင်ဇော်ထွေးနှင့်ဇနီး ဒေါ်သူဇာထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၃၄။ | ဦးအုံးကြွယ်နှင့်ဇနီး ဒေါ်ခင်စန်းရီ (ချမ်းမြေ့ကုန်စုံဆိုင်)မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၃၅။ | ဦးအောင်မျိုးကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၃၆။ | ကွယ်လွန်သူ ကျေးဇူးရှင်ကြီးများအားရည်စူး၍ ဒေါ်သန်းသန်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၃၇။ | ဦးပိုင်သက်ဦးနှင့်ဇနီး ဒေါ်နွယ်နွယ်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၃၈။ | ဦးရန်အေးနှင့်ဇနီး ဒေါ်ခင်ဝင်းသန်း၊ (သား) မောင်ဖြိုးပြည့်ကျော်ရန်အေး၊ မောင်ဇော်ဖြိုးထွဋ်ရန်အေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၃၉။ | မိဘများအားအမှူးထား၍ ဒေါ်သိန်းသိန်းထွေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၄၀။ | ဦးစန်းဝင်းနှင့်ဇနီး ဒေါ်သိန်းသိန်း၊ (သား)မောင်ဆန်းလင်းထွန်း၊ ဒေါက်တာဝင်းလဲ့ဖြိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၄၁။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ချယ်ရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၄၂။ | ဒေါ်ကြည်ကြည်ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၄၃။ | ဒေါ်တင်ရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၂၄၄။ | ဦးဝင်းရွှေနှင့်ဇနီး ဒေါ်တင်တင်စန်း မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ဝ၃၄၃ဝ၂ဝ၁၇ဝဝ၂၈၇ဝဝ၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ဝ၉-၆၆၄ဝဝဝဝ၄၁၊ ဝ၉-၄၄၄၆၆၆ဝ၁၆

**(ခ) ဒေါ်အေးအေးကြည်** ဝ၉-၄၂၉၇၂၂၅၄၈၊ ဝ၉-၂၅၅၈၂၅၂၁၆


**ဖခင်အမည်မှန်**

အ.ထ.က(၂)၊ တွံတေး၊ Grade-12 တွင် ပညာသင်ကြားနေသော မသင်းသဇင်နိုင်၏ ဖခင်အမည်မှန်မှာ ဦးစံလှိုင်[၁၂/တတန(နိုင်)၁၃၇၄၉၅] ဖြစ်ပါကြောင်း။

**ဦးစံလှိုင်**

**ဖခင်အမည်မှန်**

အ.ထ.က(၂) တွံတေး၊ Grade-10 တွင် ပညာသင်ကြားနေသော မအေးအေးစိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ဦး [၁၂/တတန(နိုင်)၁၂၂၇၆၅]ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်ဦး**

**ဖခင်အမည်မှန်**

တွံတေးမြို့နယ်၊ အ.ထ.က(ခွဲ) အဘောကျောင်းတွင် ပညာသင်ကြားနေသော Grade-12 မှ မစုပုံချစ်၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုး [၁၂/တတန(နိုင်) ဝဝ၄ဝ၆၁] ဖြစ်ပါသည်။

**အမည်ပြောင်း**

တွံတေးမြို့၊ အ.ထ.က(၁)၊ Grade-5 တွင် ပညာသင်ကြားနေသော(ဘ )ဦးအောင်ကိုကိုလေး [၁၂/တတန(နိုင်)၁၇၆၇၃ဝ] ၏ သား မောင်ဖွဲ့ကိုကိုမိုးအား မောင်ခန့်ဖွဲ့ရှိန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ခန့်ဖွဲ့ရှိန်**

**ဖခင်အမည်မှန်**

တွံတေးမြို့နယ်၊ အ.ထ.က(၂) ကျောင်းတွင် ပညာသင်ကြားနေသော Grade-10(C)မှ မောင်နန္ဒအောင်နှင့် Grade-12(B)မှ မောင်ဟိန်းမင်းထက်တို့၏ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ဦး [၁၂/တတန(နိုင်)၁၃၄၆၈၂]ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**

မဇွန်ပန်းဖြူ [၁၄/ကလန(နိုင်)၁၄၇၈၂၃]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**Ph:09-762079686**

**ပျောက်ဆုံးကြောင်း**

မောင်စိုးမင်း [၅/ပလန(နိုင်) ဝ၇ဝ၃၉၅] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-250865309**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၈၃၊ မြေကွက်အမှတ် – ၁၀၀၈၊ အကျယ်(၄၀ပေ x ၆၀ပေ) မြေအမျိုးအစား – ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၀၀၈)၊ ၈၃–ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးခင်မောင်(ဘ)ဦးထွန်းဖြူ (EG – ၀၃၆၈၈၅) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် (၁၈–၈–၂၀၂၃) ရက်စွဲပါ "မြေကွက်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"တို့အရ ဒေါ်ကြည်လေးနွယ် [၁၀/မဒန (နိုင်)၀၃၂၉၉၈]က ဝယ်ယူခဲ့ပြီး မိမိ တစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ပါကြောင်း"

ညောင်တုန်းမြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ အကွက်အမည်– ဥသျှစ်လှဘုရားကုန်းရပ်၊ ဦးပိုင်အမှတ်(၂၄–ခ)၊ ဧရိယာ(၀.၀၄၆)ဧကရှိ ဘိုးဘပိုင်မြေအား ဒေါ်သူဇာမွန် [၁၄/ညတန(နိုင်)၁၇၀၈၆၀]၏ အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်သူဇာမွန်**
**[၁၄/ညတန(နိုင်)၁၇၀၈၆၀]**
**ဖုန်း–၀၉–၇၉၀၄၄၈၈၁၄**

## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃ မှော်ဘီခရိုင်တရားရုံးတော်၌ ၂၀၂၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၂၇ ကွယ်လွန်သူ ဦးလှဝင်း၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်း၍

**ဒေါ်ညိုညိုစိမ့်** **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း/မြောက်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ်(၁၃၂/အေ)၊ ၃–လွှာတွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလှဝင်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့် ၎င်း၏ဇနီးဖြစ်သော ဒေါ်ညိုညိုစိမ့်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို **၂၀၂၃ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက်၊ (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်)တွင်** ကြားနာရန်ချိန်းဆိုထားပြီးဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလှဝင်း၏ ကျန်ရစ်သောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော **၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ( ၂၆ )ရက်၊ (၁၃၈၅ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်)**နံနက် ၁၀:၀၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့် အညီ လျှောက်ထားသူ ဒေါ်ညိုညိုစိမ့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ( ၁၂ )ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကောင်းမြတ်တိုး)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄/၆(ပ)၊ မြေကွက်အမှတ်(၁၉၁၀/၁၉၁၁)၊ ဧရိယာ(၅၀x၆၀)ပေ၊ (၀.၀၆၈)ဧက၊ (၃၀၀၀) စတုရန်းပေအကျယ်ရှိ နှစ်(၆၀)မြေငှားစာချုပ်အမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၉၁၀/၁၉၁၁)၊ ပုလဲရတနာလမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်တိုက်နေအိမ်အပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်၍ လက်ရှိထား အကျိုးခံစားလျက်ရှိပြီး၊ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးစိုးနိုင် [၁၂/လမန(နိုင်)၀၁၁၀၈၂]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူနိုင်ရန်အတွက် ကျွန်ုပ်၏အမှုသည်ဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသော အထောက်အထား ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်းများ)နှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ (ကိုယ်တိုင်)လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေများ |
|---|---|
| **ဦးဝဏ္ဏဇော်(စဉ်–၉၇၈၀)** | **ဦးမင်းမင်း(စဉ်–၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်–၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်–၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်–၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်–၄၉၄၇၁)** |

**အမှတ်–(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း– ၀၉–၄၃၁၃၃၉၉၀၊ ၀၉–၅၁၈၁၁၈၅**

## အမည်မှန်

အလုံမြို့နယ် အလုံလမ်းနှင့် ကမ်းနားလမ်းထောင့် MECရုံးဝင်းအတွင်းနေ ထိန်လင်း [၁၂/မဂဒ(နိုင်)၂၂၀၇၂၀] (ဘ) ဦးမောင်ငို၏ အမည်မှန်မှာ ထိန်လင်း(ခ) မျိုးကျော် ဖြစ်ပါကြောင်း။

## အမည်မှန်

သာစည်မြို့၊ အထက(၁)မှ အဖ ဦးအေးကို [၉/မထလ(နိုင်) ၂၅၄၀၉၆]၏ သားများဖြစ်သော မောင်ကောင်းစစ်လင်းအား မောင်ကောင်းမင်းခန့်ဟု လည်းကောင်း၊ မောင်ကောင်းစစ်လွင်အား မောင်ကောင်းမင်းသန့်ဟု လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်မှန်

သာစည်မြို့၊ အထက(၁)၊ Grade–12 မှ အဖ ဦးကျော်သူရဝင်း [၉/သစန(နိုင်)၁၂၂၂၀၅] ၏သမီး မရွှန်းလဲ့ဝေအား မသီသီစိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံးကြောင်း

ဒေါ်စမ်းစမ်းမော် [၁၄/ဝခမ (နိုင်) ၁၈၉၄၂၂] ၏ ပတ်စ်ပို့ နံပါတ် ME 962843 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၆၃၃၆၉၄၇၀**

## အမည်ပြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးသန်းဝင်း၏သမီး မခင်ငြိမ်းချမ်း [၁၂/ကတန(နိုင်) ၁၀၂၆၂၂] အား မခင်ငြိမ်းချမ်း (ခ) အိမ့်ကြည်ဖြူ ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မခင်ငြိမ်းချမ်း(ခ)**
**အိမ့်ကြည်ဖြူ**

## ဖခင်အမည်မှန်

သာစည်မြို့၊ အထက(၁)၊ Grade–12 တွင်ပညာသင်ကြားနေသော မနိုးနိုးအေး၏ ဖခင်အမည်မှန်မှာ ဦးဆန်းဦး [၉/ဝတန(နိုင်)၁၂၈၂၆၅] ဖြစ်ပါကြောင်း။ **ဦးဆန်းဦး**
**[၉/ဝတန(နိုင်) ၁၂၈၂၆၅]**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂) ရပ်ကွက်၊ မြေကွက်အမှတ်(၁၁၁၈/က)၊ ရာဇသင်္ကြန်လမ်း၊ အကျယ်အဝန်း ( ၂၀ x ၆၀)ပေရှိ အမည်ပေါက် ဦးခင်ဇော်မြင့် [၁၂/သဃက(နိုင်)၁၁၀၆၆၆] မြေချပါမစ်မူရင်းအနက်မှ တရားဝင်မခွဲစိတ်ရသေးသည့်အကျယ်အဝန်းပေ(၁၀ x ၆၀) မြေချပါမစ်မိတ္တူခြမ်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၎င်းအမည်ပေါက်ထံမှ တစ်ဆင့်ဝယ်ယူထားသူ ဒေါ်အိအိခိုင် [၁၂/သဃက(နိုင်)၁၃၉၇၇၈]မှ အရှုပ်မရှင်းမရှိ အမှန်တကယ် လက်ဝယ်ပိုင်ဆိုင်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းထက်ထက် [၇/ရတရ(နိုင်)၁၀၉၆၄၁] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသစရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး(LL.B)**
**အထက်တန်းရှေ့နေ ( စဉ် – ၄၁၈၂)**
**အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၂၅၆၁၈၀၅၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၁၆ဒီ၂၊မြေကွက်အမှတ်–21 Northern Portion of Southern 2/3၊မြေကွက်တည်နေရာအမှတ်–၁၁၉/၁၂၁၊ဆူးလေဘုရားလမ်း၊(၁)ရပ်ကွက်၊ပန်းဘဲတန်းမြို့နယ်၊ဦးမောင်မောင်သိန်း(စီစီ–၀၂၁၂၀၂)အမည်ပေါက်မြေပိုင်မြေအား(ဖခင်)ဦးမိုဟာမက်အီဘရာဟင်(ခ)ဦးမောင်မောင်သိန်း(၁၂/ကတတ(နိုင်)၀၂၅၀၆၅)သည်၅–၉–၂၀၀၆ ရက်နေ့တွင်လည်းကောင်း၊(မိခင်)ဒေါ်ခင်မာရီ(ခ)ဟမိသာဘီဘီ(၁၂/ကတတ(နိုင်)၀၂၅၀၈၆)သည်၁၈–၈–၂၀၀၇ရက်နေ့တွင်လည်းကောင်း၊ညီမ/အစ်မတော်စပ်ပြီးဝီရပ်အဗ္ဗဒူမဂျစ်(ခ)ဦးမောင်မောင်ချစ်၏ဇနီးဖြစ်သူဒေါ်ရီရီသိန်း(၁၂/ပဘတ(နိုင်)၀၂၀၉၉၀)သည်(၂၂–၅–၂၀၁၈)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်သဖြင့်(၁)ဒေါ်မြင့်မြင့်သိန်း(၁၂/ပဘတ(နိုင်)၀၀၉၇၀၅)၊(၂)ဦးခင်မောင်ဝင်း(၁၂/ပဘတ(နိုင်)၀၀၅၂၁၇)၊(၃)ဒေါ်ကြူကြူသိန်း(၁၂/ပဘတ(နိုင်)၀၂၀၉၂၈)၊(၄)ဝီရပ်အဗ္ဗဒူမဂျစ်(ခ)ဦးမောင်မောင်ချစ်(၁၂/ပဘတ(နိုင်)၀၀၉၄၃၉)၊(၅)ဒေါ်လှလှသိန်း(၁၂/ပဘတ(နိုင်)၀၂၁၆၃၆)၊(၆)ဦးမောင်မောင်လွင်(၁၂/တမန(နိုင်)၀၉၀၀၇၁)၊(၇)ဒေါ်တင်မိုးနိုင်(ခ)ဒေါ်မမလေး(၁၂/တမန(နိုင်)၀၉၀၀၅၁)၊(၈)ဒေါ်ခင်ထွေးသိန်း(၁၂/ကတတ(နိုင်)၀၂၁၆၃၇)၊(၉)ဒေါ်မြမြဝင်း(၁၂/ကတတ(နိုင်)၀၂၁၆၃၈)နှင့်ကွယ်လွန်သူဒေါ်ရီရီသိန်း၏သား/သမီး(၂)ဦးဖြစ်သော(၁၀)ဦးဝင်းမောင်မောင်(၁၂/ပဘတ(နိုင်)၀၃၁၃၀၇)၊(၁၁)ဒေါ်မေသန္တာဝင်း(၁၂/ပဘတ(နိုင်)၀၂၅၃၂၆)တို့မှပိုင်ဆိုင်စာချုပ်အမှတ်–၆၀၂၆/၃–၇–၂၀၂၃၊နိုင်ငံသားစိစစ်ရေးကတ်၊ကတတ/ပြောင်း ၄/၉၆(၄–၁၀–၉၆)ဖြင့်ဦးမောင်မောင်သိန်း(CC–၀၂၁၂၀၂)အမည်ပြောင်းစာရွက်တို့တင်ပြ၍အမည်ပြောင်းလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၃၆ ဂျီ၊ မြေကွက်အမှတ် – ၇၀ သ/၃၊ ဧရိယာ (၀.၀၅) ဧက၊ မြေကွက်တည်နေရာ အမှတ် – ၇၀/သ၊ ငွေဝတ်မှုံလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါက်တာလှဘူး [၁၂/ဒဂန(နိုင်) ၀၁၅၁၃၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါက်တာလှဘူး [၁၂/ဒဂန(နိုင်)၀၁၅၁၃၈]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် – ၈၀၁၂/၂၀၁၆ (၃၀– ၈–၂၀၁၆)ဖြင့်ရသူ ဦးအောင်လှဘူး [၁၂/မဂတ(နိုင်)၀၂၂၅၂၄]မှ နှစ်(၆၀)ဂရန်မူရင်း၊ အထွေထွေကိုယ်စားလှယ်အမှတ် – ၈၀၁၂/၂၀၁၆ (၃၀–၈–၂၀၁၆) (မိတ္တူမှန်) အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းထားခြင်း မရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် မှတ်ပုံတင်အမှတ်–၁၇၀/၂၀၂၃ (၂–၈–၂၀၂၃) ရက်နေ့ ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၁၉)လမ်း အမှတ်(၅၄၈)ဟုခေါ်တွင်သော (၂၀ပေx၆၀ပေ) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတည်း (၆)ထပ်တိုက်၏ (ဒုတိယထပ်/၃ လွှာ)၊ အကျယ်အဝန်း(၂၀ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့် တွယ်ကပ်လျက်ရှိသော ရေ၊ မီး၊ မီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့သည် ဒေါ်စိုးသန္တာလှိုင် [၁၂/ဗတထ(နိုင်)၀၂၆၈၈၀]မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဦးသူရဇော် [၆/ထဝန(နိုင်) ၀၈၆၈၆၁]နှင့် ဒေါ်မြသက်ဖြူ [၇/အဖန(နိုင်)၀၉၅၂၀၃]တို့အား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (စရန်ငွေ) အဖြစ် ဒေါ်စိုးသန္တာလှိုင်ထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆုမြတ်အောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၄၅၇)**
**LL.B, D.B.L, D.I.L, D.I.P.L, Dip in Global English**
**PGDCWE, DL–DIP (101,202,302,317) (Switzerland)**
**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း–၀၉–၅၀၂၅၅၈၃၊ ၀၉–၉၆၅၀၂၅၅၈၃၊ ၀၉–၄၄၅၄၄၄၄၃၃**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ဒိုင်းဝန်ကွင်းလမ်း၊ အကွက်အမှတ်(၃၆)၊ ဦးပိုင်အမှတ်(၁၂၈)၊ (၁၂၉)၊ ဧရိယာ(၀.၁၈၀)ဧက+(၀.၀၅၉)ဧကရှိမြေပေါ်တွင် ဆောက်လုပ်ထားသော တိုက်အမှတ်(128)] (၁၇ x ၆၀)ပေ အကျယ်အဝန်းရှိ (၂)ခန်းတွဲ (၅)ထပ်ခွဲ အဆောက်အဦတိုက်ခန်းကို လမ်းမျက်နှာမူရာ (လက်ဝဲဘက်ခြမ်းတိုက်)မြေညီထပ်(အထပ်ခိုးပါ) တိုက်ခန်းနှစ်ခန်း (C–1)(D–1)တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်မှုအထောက်အထားမူရင်းအားလုံးနှင့် လက်ဝယ်ထားရှိသူ ကျွန်တော် ဦးကျော်စိန် [၁၂/ဗတထ(နိုင်)၀၀၀၆၈၀]သည် (၁၄–၉–၂၀၂၃)ရက်နေ့တွင် ဦးအောင်စိုး [၁၂/အစန(နိုင်)၁၅၈၃၅၅] အား အပြီးအပိုင်ရောင်းချလိုက်ပြီးဖြစ်သောကြောင့် အထက်ပါ တိုက်ခန်း (၂)ခန်းသည် ကျွန်တော် ဦးကျော်စိန် လုံးဝပိုင်ဆိုင် သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စိန်**
**[၁၂/ဗတထ(နိုင်)၀၀၀၆၈၀]**
**အမှတ်(003)၊ စံပယ်လမ်း၊ သာယာကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ ပုသိမ်ခရိုင် ဧရာဝတီတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်/မြို့များမှ ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး လမ်း/တံတားလုပ်ငန်းများမှ အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ လုပ်ငန်းအလိုက်(လုပ်ငန်းခွင်အရောက်)(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၁၈–၉–၂၀၂၃)ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပိတ်မည့်နေ့ရက်/အချိန် | – | (၂၇–၉–၂၀၂၃)ရက်(၁၅:၀၀)နာရီ |
| တင်ဒါဖွင့်မည့်နေရာ | – | လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ပုသိမ်ခရိုင်၊ အမှတ်(၂)နယ်မြေ၊ ရွှေစည်းခုံဘုရားလမ်း၊ ပုသိမ်မြို့ |
| တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | – | ၂၈–၉–၂၀၂၃ ရက် နံနက်(၁၀:၀၀)နာရီ |

တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်–

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
**ပုသိမ်ခရိုင်**
**(Ph:042–21099, 09–779628270)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ မြေကွက်အမှတ်(4E+4B၊၃)၊ Block No–4)၊ ကားပါကင် Basement(2)အပါအဝင်(34)ထပ် RCတိုက်မှ၁၄–လွှာ၊ အခန်းအမှတ်(14–04) Golden City Condo ဧရိယာ(၁၆၃၉.၂၇) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ Golden Land Real Estate Co;Ltd (ကိုယ်စား) ဦးမင်းမျိုးသန့်[၉/မထလ(နိုင်)၁၈၃၇၈၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းထွန်းဇော်[၁၂/ကတတ(နိုင်)၀၂၁၉၈၆]၊ ဒေါ်ရတနာခိုင် [၁/ဗမန(နိုင်)၀၅၁၀၁၇]တို့မှ အပြီးအပြတ်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းထွန်းဇော်နှင့် ဒေါ်ရတနာခိုင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး**
**LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09–450023651,09–793568375**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ မြေကွက်အမှတ်(၆၂၉/က)၊ ဂရန်အမည်ပေါက် ဒေါ်သန်းဝင်း၊ ဧရိယာပေ(၄၀' x ၆၀')အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ဂရန်မိတ္တူခြမ်း ပေ(၂၀' x ၆၀')ရှိသော မြေကွက်နှင့် တစ်ထပ်တိုက်အိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိရောင်းချပိုင်ခွင့်ရှိသူဟုပြောဆိုလာသူ ဦးထွန်းကြည် [၁၂/ကမတ(နိုင်)၀၃၅၀၀၄၊ ဒေါ်ငွေရီ[၁၂/ကမတ(နိုင်)၀၃၅၁၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုမြတ်သဇင်[၁၂/ရကန(နိုင်)၀၇၃၁၅၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

ယင်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြေညာပါသည့်နေ့ရက်မှစပြီး(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လဲ့မွန်ဦး(အထက်တန်းရှေ့နေ) (စဉ်–၄၇၉၃၅/၃၁–၈–၂၀၁၆)**
**အမှတ်(၄၉၈)၊ အဓိပတိလမ်း၊ (၅၂)ရပ်ကွက်၊ အရှေ့ဒဂုံ။**
**ဖုန်း–၀၉–၇၆၀၄၈၀၅၇၇၊ ၀၉–၇၉၅၆၅၀၄၂၂**

## အများသိစေရန် အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ၊ စီတာပူရပ်ကွက်၊ အပိုင်း–၂၊ MC–၇၆ ဟု ခေါ်တွင်သော ကွင်း/အကွက်အမည်–၁၂/၃၊ ဦးပိုင်အမှတ်–၃၁/၄၊ မြေဧရိယာ(၀.၀၃၆)ဧကရှိ နေအိမ်ခြံမြေကွက်နှင့် မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အကွက်အမည်–၁၂/၃ စီတာပူ၊ ဦးပိုင်အမှတ်–၃၁/၂၁၊ မြေကွက်(၂)ကွက်မှာ ကျွန်မ ဂျာဆိုင်းမိုင် မှတ်ပုံတင်အမှတ်[၁/မကန(နိုင်)၂၆၈၉၁၈] ကိုင်ဆောင်သူမှ (၁၉၉၂ ခုနှစ်)ကတည်းက ကျွန်မ ပြေစာအမည်ပေါက် ထွက်ရှိလျက်ရှိပါသည်။ အထက်ပါ အိမ်ခြံမြေကွက်(၂)ကွက်ပေါ်တွင် ကျွန်မကိုယ်တိုင် လက်ရှိထား နေထိုင်ပိုင်ဆိုင်ထားပါသည်။ ယင်းအိမ်ခြံမြေကွက်နှင့် ပတ်သက်ပြီး ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ကာ ရောင်းချပြီးဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၆)တွင် ကြေညာထားသော မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အပိုင်း–၂၊ MC–76၊ ကွင်းအကွက်–၁၂/၃၊ ဦးပိုင်အမှတ်– ၃၁/၄၊ မြေဧရိယာ(၀.၀၃၆)ဧကရှိ ကျွန်မ၏ အိမ်ခြံမြေနှင့်ပတ်သက်သော ကြေညာချက်မှာ မှားယွင်းနေသောကြောင့် ကျွန်မမှ ထပ်မံကြေညာရခြင်းဖြစ်ပါသည်။

**ဒေါ်ဂျာဆိုင်းမိုင်**
**[၁/မကန(နိုင်)၂၆၈၉၁၈]**
**အမှတ်(MC–76)၊ စီတာပူရပ်ကွက်၊ မြစ်ကြီးနားမြို့။**
**ဖုန်း– ၀၉–၄၄၂၄၉၇၀၂၂**

# အသိပေးကြေညာခြင်း

Microfinance Delta International Co., Ltd ၏ (၁၆-၈-၂၀၂၃) ရက်စွဲပါ အစုရှယ်ယာရှင်များ အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရ – Mr. Taejun Shin (Passport Number: D33989)သည် ၎င်း၏ဆန္ဒအလျောက် ဒါရိုက်တာအဖြစ်မှ နုတ်ထွက်ကြောင်း နှင့် Mr. Guerol Michael Sari (Passport Number: C5P0FPJ50) အား ဒါရိုက်တာအဖွဲ့ဝင် အဖြစ် ခန့်အပ်အတည်ပြုပြီးကြောင်းအား ကြေညာအပ်ပါသည်။

| ယခင်ဒါရိုက်တာများ | ယခုဒါရိုက်တာများ |
|---|---|
| 1. Mr. Taejun Shin | 1. Mr. Arnaud Olivier David Ventura |
| 2. Mr. Arnaud Olivier David Ventura | 2. Mr. Guerol Michael Sari |
| 3. Mr. Kohei Katada | 3. Mr. Kohei Katada |
| 4. Ms. Sugasini Kandiah | 4. Ms. Sugasini Kandiah |

**မိုက်ခရိုဖိုင်းနန့်စ်ဒယ်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀B)၊ မြေကွက်အမှတ်(၄၄၂-A ၁/၃-B)၊ ဧရိယာ(၀.၁၈၆)ဧက အကျယ်အဝန်းရှိ မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၂၇)ဟုခေါ်တွင်သော မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားလက်ဝယ်ထား ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဇာလီမော်ဦး[၁၂/ဗဟန(နိုင်)၀၉၆၈၁၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သက်ဆိုင်ပါက ကန့်ကွက်လိုပါလျှင် ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သက်ဆုလွင်မောင် (LL.B)** | **ဒေါ်မေမီစော (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၆၄)** | **အထက်တန်းရှေ့နေ(စဉ်-၄၉၄၀၈)** |

**ရုံးခန်းအမှတ်- ၅၊ ပထမထပ်၊ Strand Condominium၊ အမှတ်-၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၀၉၈၉၃၊ ၀၉-၄၂၃၇၂၄၈၂၄**

## ASIA TOWER INFRASTRUCTURE MYANMAR LIMITED

**(ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၁၂၄၂၃၃၅၂၆)**
**(ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်း ဖျက်သိမ်းဆဲ)**
**(လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၁၁ (က) အရ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း)**

ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆိုင်ရာနောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

၁။ နေ့ရက်နှင့် အချိန် – ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်၊ နံနက် (၁၀)နာရီ။
၂။ နေရာ – စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏အောက်ဖော်ပြပါလိပ်စာ(သို့မဟုတ်)Online Virtual Meeting
၃။ တင်ပြမည့်အရာများ
(က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစာရင်း၊
(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေး ဆောင်ရွက်ချက်နှင့်
(ဂ) ကုမ္ပဏီ၏ ပစ္စည်းများကို မည်သို့အပြီးသတ်စီမံခန့်ခွဲခဲ့သည့် ဖော်ပြချက်တို့ကို တင်ပြအတည်ပြုမည်ဖြစ်ပါ၍ အစု ရှယ်ယာရှင်/များအားလုံး မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ဦးမျိုးဝင်း**
**လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း၊ အသင်းဝင်အမှတ်-၀၀၀၆၂**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ရုံးခန်း – အမှတ်-၁၂၈/၁၃၀၊ ပထမထပ်၊ (၃၅) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ်(၅၀)ဟု ခေါ်တွင်သော (၂) ခန်းတွဲ (၆) ထပ်အဆောက်အဦ၏ တတိယထပ်၊ ၄-လွှာ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂ ½ x ၅၀ )ပေရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ် တပ်ဆင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ကျော့ [၁၂/ဥကတ(နိုင်)၀၄၄၇၆၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍နစ်နာမှု တစ်စုံတစ်ရာ အကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသူရအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၄၈)**
**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၁၃၂၁၁**

## အမည်မှန်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၀၇)ရပ်ကွက်နေ ဦးသန်းဆွေ၏သမီး အ.ထ.က (၈)ထခွဲ ဒွါဒသမတန်းသင်ကြားနေသော မသဲသဥ္ဇာဦး၏ အမည်မှန်မှာ မသဲသဥ္ဇာဦးဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အ.ထ.က (၂) တွံတေး၊ Grade-11(C)တွင် ပညာသင်ကြားနေသော မခင်မျိုးသူဇာ၏ ဖခင်အမည်မှန်မှာ ဦးမောင်တူး[၁၂/တတန(နိုင်)၁၄၀၃၄၀]ဖြစ်ပါသည်။

## ဖခင်အမည်မှန်

အ.ထ.က(၂)တွံတေး၊ Grade-11(C)တွင် ပညာသင်ကြားနေသော မအေးအေးမော်၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းအောင်[၁၂/တတန(နိုင်)၁၃၆၂၉၀]ဖြစ်ပါကြောင်း။

**ဦးစိုးမင်းအောင်**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၇-ရပ်ကွက်၊ မဟာသီရိလမ်း၊ အမှတ်-၃၄၁ဟု ခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၃၇၊ မြေကွက်အမှတ်-၃၄၁၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား – နှစ် (၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးလှမြင့်မောင် (SGG – ၁၀၆၉၇၆)[၁၂/အစန(နိုင်)၁၃၄၃၅၂] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ (၁၄-၅-၂၀၂၁)ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်နှင့် အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၁၆၅/၂၀၂၁ (၁၄-၅-၂၀၂၁)အရ ဒေါ်မြသွယ် [၁၂/ရကန(နိုင်)၀၅၁၃၂၇] နှင့် ဒေါ်မြစန္ဒာကျော် [၁၂/ရကန(နိုင်)၀၆၃၅၃၆]တို့မှ မိမိတို့ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထား ပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁၅၃၊ မြေကွက်အမှတ်-၂၂၇၆၊ ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေx၆၀ပေ) အကျယ်ရှိ ပါမစ်မြေမှာ ဦးဟန်မောင်(ဘ)ဦးပြေသောင်း [၁၂/ပဇတ(နိုင်)၀၁၈၁၃၄]အမည်ဖြင့်မှတ်သားတည်ရှိပြီး ဒေါ်မိုးမြင့်သူ(ဘ) ဦးစန်းငွေ [၉/ပမန(နိုင်)၁၈၉၉၂၈]မှ အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် တရားဝင် လက်ရှိဝယ်ယူ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုချက်အရ အဆိုပါမြေနှင့်မြေပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း မူရင်းအထောက် အထားခိုင်လုံစွာဖြင့် ဤကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့သက်ထား(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၇၀)**
**အမှတ်(၈၉၇)၊ ဗိုလ်လင်းယုန်လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၁၆၃၈၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ မြေကွက်အမှတ် (4E+4B၊ ၃)၊ (Block No- 7)၊ကားပါကင် Basement(2)အပါအဝင်(34)ထပ် RCတိုက်မှ-၂၉-လွှာ၊အခန်းအမှတ်(29-04) Golden City Condo ဧရိယာ(၉၈၆.၃၆) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း နှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုအမည်ပေါက်ပိုင်ဆိုင်ပြီးတရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ Golden Land Real Estate Co;Ltd (ကိုယ်စား) ဦးမင်းမျိုးသန့်[၉/မထလ(နိုင်)၁၈၃၇၈၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်စောနှင်းသူ[၁၂/လသန(ဧည့်)၀၀၁၅၂၃]တို့မှ အပြီးအပြတ်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စောနှင်းသူ ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-450023651,09-793568375**

## အမည်ပြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ အဖ ဦးပိုင်လင်းထွန်း[၁၂/ခရန(နိုင်)၁၃၂၇၀၉]၏ သား မောင်ဟန်လင်းဝသုန် အား မောင်သော်တာဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံးကြောင်း

ဦးဇင်မင်းဦး[၁၂/ပဘတ(နိုင်)၀၃၅၆၄၈]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-770554074**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ၃၉/A-ရပ်ကွက်၊ သစ္စာ(၄)လမ်း၊ အမှတ်-၇၉ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၃၉/A၊ မြေကွက်အမှတ်-၇၉၊ အကျယ်(၄၀'x၆၀')အနက် တရားဝင်မခွဲစိတ်ရသေးသောမြေ၏ ခေါင်းရင်းဘက်ခြမ်း (၂၂' x ၆၀')၊ မြေအမျိုးအစား – နှစ် (၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်တင်မေလတ် [၁၂/အစန(နိုင်)၀၄၀၆၀၄]အမည်ပေါက်လျက်ရှိပြီး၊ ၎င်းထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ဌေးဌေးဝင်း [၁၂/ဥကတ(နိုင်)၀၁၇၆၇၁] က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ နန္တိကျေးရွာအုပ်စု၊ ကညင်ချောင်းကျေးရွာ၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ ၁၂/၆ ဖာလုံ (ဝဲ/အနောက်ဘက်ခြမ်း) ရှိ ကွင်းအမှတ်-၉၅၉D၊ ကွင်းအမည်-ကညင်ချောင်း၊ ဦးပိုင်အမှတ်-၁၃၊ မြေကွက်အမှတ်-၃၃၆/၅၄၁-က၊ ဧရိယာ (၄.၄၉) ဧကရှိ ဥယျာဉ်ခြံမြေနှင့်ပတ်သက်၍ ရောင်းမှားဝယ်မှားမဖြစ်စေရန် အတွက် အများသိစေရန်ကြေညာခြင်း

အထက်ခေါင်းစဉ်ပါ မြေကွက်ကြီးကို ကျွန်ုပ်၏မိတ်ဆွေဒေါ်ယဉ်မေသန်း[၁၂/ဥကမ(နိုင်)၁၄၆၇၅၂]က မူလအမည်ပေါက်ပိုင်ရှင်ထံမှ ဝယ်ယူထားသည့်(၃-၆-၂၀၁၄)ရက်စွဲပါ ခြံမြေအရောင်းအဝယ်စာချုပ်ကို အကြောင်းပြု၍ ၎င်း၏ပိုင်ရေးပိုင်ခွင့်ကိုဆန့်ကျင်ပြောဆိုပြုမူသူ ဦးကျော်ဝင်းမောင် (ယခုကွယ်လွန်)ကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၇၁/၂၀၁၉(ယခု လှည်းကူးခရိုင်တရားရုံး)၌ "(၃-၆-၂၀၁၄) ရက်စွဲပါ နှစ်ဦးသဘောတူဥယျာဉ်ခြံမြေအပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်တွင် ဝယ်ယူသူ၏ကိုယ်စား ဖော်ပြထားသူ ဦးကျော်ဝင်းမောင်(တရားပြိုင်)သည် အမည်ခံဖြစ်ကြောင်းနှင့် ယင်းစာချုပ်သည်(ဘီနာမီ)အမည်ခံ/အမည်ငှားစာချုပ်သာဖြစ်ကြောင်းမြွက်ဟကြေညာပေးစေလိုပြီး ယင်းမြေကွက်သည် ဒေါ်ယဉ်မေသန်း(တရားလို)သာ ပိုင်ဆိုင်သူဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ယင်းမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များကို ဦးကျော်ဝင်းမောင်အပါအဝင် မည်သူမှဝင်ရောက်နေထိုင်ခြင်း၊ ကန့်ကွက်ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်းများမပြုလုပ်စေရန် အမြဲတမ်းတားဝရမ်းရလိုမှု" စွဲဆိုထားခြင်းကို အဆိုပါခရိုင်တရားရုံး၌ စစ်ဆေးနေဆဲ အဆင့်ဖြစ်ပါသည်။ ထို့အတူ ဒေါ်ယဉ်မေသန်းက ယင်းမြေကွက်ပေါ်တွင် အခမဲ့နေခွင့်ပေးထားသူ ဦးဝင်းအေးနှင့် ဇနီးတို့ကိုလည်း လှည်းကူးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၉/၂၀၂၂ (ယခင် မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၇၂/၂၀၁၉) ဖြင့်စွဲဆိုခဲ့ရာ ထိုရုံးက ချမှတ်သည့်အမိန့်ကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ တရားမပထမအယူခံမှုအမှတ်-၁၃/၂၀၂၃ ဖြင့် အမှုကိုလက်ခံထားပြီးဖြစ်ပါသည်။ ဦးကျော်ဝင်းမောင်ကလည်း ၎င်းသာလျှင် ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေလိုမှုဖြင့် ဒေါ်ယဉ်မေသန်းအပေါ် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ပင် တရားမကြီးမှုအမှတ်-၂၃၄/၂၀၂၀ ဖြင့် စွဲဆိုခဲ့သော်လည်း ၎င်းသည် (၂၄-၇-၂၀၂၁) နေ့တွင် ကွယ်လွန်ခဲ့ပြီး ကျန်ရစ်သူသားသမီးများက အမှုတွင်လာရောက်ပါဝင်ခြင်း မရှိ၍ ယင်းအမှုမှာ ပြီးဆုံးခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ဒေါ်ယဉ်မေသန်း၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အမှုများဖြစ်ပွားနေသည့် ဖော်ပြပါ မြေကွက်ကြီးတစ်ခုလုံးကိုဖြစ်စေ၊ ခွဲစိတ်ပိုင်းခြား၍တစ်စိတ်တစ်ဒေသဖြစ်စေ ရောင်းချခြင်း၊ ငှားရမ်းခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်ကြပါက နောင်တွင်ဖြစ်ပေါ်လာမည့်ကိစ္စအဝဝသည် ထိုရောင်းသူ၊ ဝယ်သူတို့၌သာ တာဝန်ရှိမည်ဖြစ်ကြောင်းနှင့် ရောင်းမှား၊ ဝယ်မှားမဖြစ်ရအောင် အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မေသန်း၏ညွှန်ကြားချက်ဖြင့်**

| | |
|---|---|
| **ဒေါ်သဲယုဆွေ** | **ဒေါ်ယဉ်လင်းထက်** |
| **LL.B, D.B.L (စဉ်-၁၀၁၁၂)** | **LL.B (စဉ်-၅၅၇၂၉)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)**
**မရမ်းကုန်းခရိုင်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၁**

အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် (၎င်းကိုယ်စားလွှဲအပ်ခြင်းခံရသူ ဒေါ်နီနီလှိုင်) နှင့် ဦးဖေအောင်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ မြေညီထပ်(ဝဲ)၊ အမှတ်(၃၇) နေ ဦးဖေအောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဘဏ်ချေးငွေတိုးရင်းပေါင်းကျပ် (၁၈၈၂.၈၀)သိန်းရလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်(၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက်နေ့) မွန်းမတည့်မီ (၁၀:၃၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် (၁)အမှုနှင့်သက်ဆိုင်သောစာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ရက်နေ့ ဤရုံးတံဆိပ်တိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးတိုင်လွန်ဂွမ်ဇက် [၁/မကတ(နိုင်)၀၇၀၀၀၄]၏ ပတ်စ်ပို့နံပါတ် (MD-215898)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၀၅၆၈၄၄**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၃)၊ Grade-12($A_2$)ဘောဂတန်းမှ မနန်းဆိုင်မိုင်၏ ဖခင် အမည်မှန်မှာ ဦးဘရှန်[၁/မခဘ(နိုင်)၀၀၈၆၇၇] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ်(၇၅) ကွင်းရပ်၊ ဦးပိုင်အမှတ်(၂၀/င)၊ ဧရိယာ(၀.၀၈၃)ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်သူ ဦးမာမက်ဆာတီနှင့် ဒေါ်ဖါတမာတို့(၂)ဦးထံမှ ဦးထွန်းအေး [၁၀/မလမ(နိုင်)၀၇၉၉၂၁]က မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ "မြေကွက်သက်သက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်-၆၃/၂၀၂၃ အရဝယ်ယူ ပိုင်ဆိုင်ထားခဲ့ပါသည်၊ ယခုအခါ ဦးထွန်းအေးက ၎င်း၏အမည် သို့ပြောင်းလဲ ပေးရန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်ရန်မရှိပါကအမည်ပြောင်း လျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊**
**မော်လမြိုင်မြို့**

## Growatt New Energy–Myanmar Branch အမည်ဖြင့် Facebook လူမှုကွန်ရက် စာမျက်နှာ၏ Admin နှင့် အများသိစေရန်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော Royal Pedigree Enterprise Co.,Ltd. ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

Growatt New Energy–Myanmar Branch အမည်ဖြင့် Facebook လူမှုကွန်ရက်စာမျက်နှာ၏ Admin သည် ၎င်းတို့၏စာမျက်နှာ၌ " Warning About Expired Products" ဟူသောခေါင်းစဉ်ဖြင့် ကျွန်တော်တို့ကုမ္ပဏီမှ တင်သွင်းပြီး Kabarkyaw Solar Energy မှ ရောင်းချနေသည့် Growatt Inverter များအပေါ် သက်တမ်းကုန် ကုန်ပစ္စည်းများအဖြစ် အခြေအမြစ်မဲ့စွာ စွပ်စွဲ၍ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ Post ရေးသားသူမှ ကျွန်တော်တို့ကုမ္ပဏီအနေဖြင့် Inverter များအား ၎င်းတို့ရောင်းချသောဈေးထက် ဈေးနှုန်းသက်သာစွာ ရောင်းချခြင်းကြောင့် ၎င်းကဲ့သို့ Post တင်ခြင်းဖြစ်ကြောင်းနှင့် ဈေးနှုန်းတိုးမြှင့်ရောင်းချပေးမှသာ Post ပြန်ဖျက်ပေးမည်ဖြစ်ကြောင်း စာပို့၍ ခြိမ်းခြောက်ခြင်းပြုလုပ်ခဲ့ပါသည်။

ကျွန်တော်များ ကုမ္ပဏီမှ ဈေးကွက်စီးပွားရေးစနစ်၏ မျှတစွာယှဉ်ပြိုင်ရေးမူဝါဒများနှင့်အညီ အရည်အသွေးကောင်းမွန်သော Solar ပစ္စည်းများအား အသက်သာဆုံး ဈေးနှုန်းများဖြင့် အကောင်းမွန်ဆုံး Warranty များ ပေးအပ်၍ ရောင်းချလျက်ရှိရာ ယခုကဲ့သို့ သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်စေရန်ဆောင်ရွက်နေသော Growatt New Energy–Myanmar Branch အမည်ဖြင့် Facebook လူမှုကွန်ရက်စာမျက်နှာ၏ Admin အနေဖြင့် ယခု ကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အများပြည်သူ သံသယကင်းစွာ သုံးစွဲနိုင်ရန် ၎င်းတို့၏ လိမ်လည်ရေးသား၍ ခြိမ်းခြောက်ခဲ့မှုအား တောင်းပန်စာ ပြန်တင်ပေးပါရန် အကြောင်းကြားကြေညာအပ်ပါသည်။ ပျက်ကွက်ပါက မလွှဲမရှောင်သာတော့သည့်အတွက် ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ပါသည်။

**ညွှန်ကြားချက်အရ –**

**ဦးလှမြင့် B.A(Law), LLB** — **တရားလွှတ်တော်ရှေ့နေ** — **(စဉ်–၁၃၁၅/၇၂)**

**ဒေါ်သန္တာမြင့်ဆွေ (LL.B, D.B.L, D.I.L)** — **အထက်တန်းရှေ့နေ** — **(စဉ်–၄၉၅၉၈/၁၈)**

**အမှတ်–၂၇/၂၉၊ ၃၅–လမ်း၊ (၂) ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉–၇၇၇၄၆၂၁၀၀၊ ၀၉–၉၆၇၆၃၅၅၇၆၊ ၀၉–၇၅၄၉၂၂၄၆၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၈)၊ မြေကွက်အမှတ် (၇၁)၊ မြေကွက်တည်နေရာ အမှတ်(၇၁)၊ (၇၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးညွန့်ဆွေ (KTA–040132) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးညွန့်ဆွေ (KTA–040132)ထံမှ အရပ်ကတိ အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူသူ ဦးစိုးသန်း [၁၂/မဂတ(နိုင်)၀၀၇၇၁၈]မှ ခြကိုက် ပျက်စီးနေသော ပါမစ်မူရင်းနှင့် အရောင်းအဝယ်စာချုပ်တို့တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ ကျောက်တိုင်၊ ဆူးကြိုးကာရံထားပြီး လျှောက်ထားသူမှ ကွင်းဆင်းပုံစံပေါ်တွင် သိရှိလက်မှတ်ရေးထိုး တင်ပြထားပါသဖြင့် ဦးစိုးသန်းမှ ပါမစ်မူရင်း (ခြကိုက်ပျက်စီး)တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပေါ်တော်မူဘုရားလမ်း အမှတ်(၉) မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်လိပ်စာပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးလှစိန် [၁၂/မရက(နိုင်)၁၉၁၉၃၂]မှ လက်ဝယ်ပိုင်ဆိုင်နေထိုင် အကျိုးခံစားလျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ညီအရင်း တော်စပ်သူ ဦးအောင်လှ (MYGN– ၀၃၅၂၁၆) (လက်ရှိ ပြည်ပနိုင်ငံသားခံယူထားသူမှ) အထက်လိပ်စာပါ မြေကွက်နှင့်ပတ်သက်၍ တစ်နည်းနည်းဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုလာရာ အချင်းမများလိုသောကြောင့် ညီဖြစ်သူ ဦးအောင်လှနှင့်ညှိနှိုင်း၍ မြေကွက်တန်ဖိုးငွေ အနက်မှ တစ်စိတ်တစ်ဒေသငွေသားအချို့ ပေးအပ်ရန် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်လိပ်စာပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အထက်ပါ သဘောတူညီမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်မြင့်**
**LL.B., BSc. Engg (EC)**
**အထက်တန်းရှေ့နေ(စဉ်–၃၈၃၇၁)**
**အမှတ် (၆)၊ မြေညီ(ယာ)၊ ၁၆၁–လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၀၁၀၅၁၈၁၊ ၀၁–၅၅၇၉၁၂**

## ဒေါ်ခင်ဥမ္မာသိန်း [၁၂/ဒလန (နိုင်) ၀၁၇၈၆၅] ကိုင်ဆောင်သူနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်– ၁၀/၂၇၄ တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးသန့်ဇင် [၁၂/ဒလန(နိုင်)၀၀၇၈၂၁] ကိုင်ဆောင်သူ၏ ညီမဖြစ်သူ ဒေါ်ခင်ဥမ္မာသိန်း [၁၂/ဒလန(နိုင်)၀၁၇၈၆၅] ကိုင်ဆောင်သူသည် အစ်ကိုဖြစ်သူ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ခဲ့သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော အမှတ်– ၁၀/၂၇၄၊ စိန်ပန်းလမ်း၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ ဒလမြို့နယ်ရှိ (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ ဦးအုန်းမြိုင် အမည်ပေါက် မြေချပါမစ်မြေနှင့် ထိုမြေနှင့်ပတ်သက်သည့် အဖိုးတန် စာရွက်စာတမ်းများ ယူဆောင်သွားပြီး မိမိသဘောဆန္ဒအလျောက် ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ အခြားသူများထံ ပေါင်နှံခဲ့သည့်အတွက် ၎င်း၏လုပ်ရပ်များကို ခွင့်မလွှတ်နိုင်သဖြင့် ညီမအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ (လုံးဝ) တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သူဇာထွေး LL.B, WIPO (Switzerland)** — **တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၁၈) (၃၁–၁၂–၂၀၁၃)**

**ဒေါ်မို့မို့လှဲ့ဇင် (LL.B )** — **အထက်တန်းရှေ့နေ (စဉ်–၅၃၁၄၁) (၃၀–၆–၂၀၂၀)**

**အမှတ်– ၁၀/၁၂၊ မြေညီထပ်၊ ၃၅–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၀၅၃၁၁၂၊ ၀၉–၆၉၄၄၆၈၀၄၁**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်–၁၀/၂၇၄ အိမ်/ခြံမြေနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်– ၁၀/၂၇၄ ဟုခေါ်တွင်သော (အလျား ၂၀'x အနံ ၆၀')ရှိ ဦးအုန်းမြိုင် အမည်ပေါက် မြေချပါမစ်မြေနှင့် ထိုမြေပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ် ပျဉ်ထောင်၊ သွပ်မိုး(ရေမီးစုံ)အိမ်သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသန့်ဇင် [၁၂/ဒလန(နိုင်)၀၀၇၈၂၁]ကိုင်ဆောင်သူ မှ (၂၀–၃–၁၉၉၇)ရက်နေ့စွဲပါ အရပ်ကတိစာချုပ်ဖြင့် ကာလတန်ဖိုး ပေးချေဝယ်ယူပိုင်ဆိုင်ထားသော အိမ်ခြံမြေဖြစ်ပြီး အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ တစ်ဆင့်လွှဲပြောင်း ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်းစသည်တို့အား ပြုလုပ်သူမည်သူမဆို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သူဇာထွေး LL.B, WIPO(Switzerland)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၉၅၁၈)(၃၁–၁၂–၂၀၁၃)**

**ဒေါ်မို့မို့လှဲ့ဇင်(LL.B)** — **အထက်တန်းရှေ့နေ(စဉ်–၅၃၁၄၁)(၃၀–၆–၂၀၂၀)**

**အမှတ်–၁၀/၁၂၊ မြေညီထပ်၊ ၃၅–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၅၃၁၁၂၊ ၀၉–၆၉၄၄၆၈၀၄၁**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကတ–၁၃)၊ လူနေရပ်ကွက်အမှတ်– ရွှေဥက္ကံရပ်ကွက်၊ ခရေလမ်း၊ မြေကွက်အမှတ် (၂၃၅/ခ)ဟု ခေါ်တွင်သော အလျား (၂၀)ပေx အနံ (၆၀)ပေ၊ ဦးတင်ထွန်း အမည်ပေါက် ပါမစ်မြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်လျက်ရှိသော ဒေါ်ဥမ္မာကြည် [၁၂/လမန(နိုင်)၀၁၄၁၉၅]မှ အမွေဆက်ခံ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်ဇင်မိုး [၉/မလန(နိုင်)၁၁၂၅၃၀]မှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုတိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဇင်ဇင်မိုး**
**[၉/မလန(နိုင်)၁၁၂၅၃၀]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးမိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၂၈၉၃၀)**
**အမှတ်(၅၀၁)၊ ပတ္တမြား(၁)လမ်း၊ ရွှေဥက္ကံရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း– ၀၉–၄၂၅၂၃၈၄၃၃**

## ကန်ထရိုက်တိုက် ဆောက်လုပ်ခြင်းကိစ္စနှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၇/C2)၊ မြေကွက်အမှတ်(၁)၊ အိမ်အမှတ်(၁၀၈)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် မြေပိုင်ရှင်များဖြစ်ကြသော ဦးဝင်းနိုင်ထွန်း [၁၂/စခန(နိုင်)၀၀၇၀၅၆] ကိုင်ဆောင်သူနှင့် ဒေါ်တိုး [၁၂/စခန(နိုင်)၀၀၅၈၈၄] ကိုင်ဆောင်သူတို့ နှစ်ဦးနှင့် စမ်းချောင်းမြို့နယ်နေ လိုင်စင်ရ ကန်ထရိုက်တာတစ်ဦးတို့ (၂)ခန်းတွဲ (၈ ½)တိုက်ဆောက်လုပ်ရန် လွန်ခဲ့သော ၂၀၁၄ ခုနှစ်က နှစ်ဦးသဘောတူ ကတိစာချုပ်ချုပ်ဆိုခဲ့ပြီး ယနေ့ ၂၀၂၃ ခုနှစ်ထိ (၉)နှစ်ကြာသည့်တိုင်အောင် ကန်ထရိုက်တာဘက်မှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် မြေ/အိမ်ပိုင်ရှင်များ၏ ရှေ့နေမှတစ်ဆင့် (၅–၉–၂၀၂၃)ရက်နေ့စွဲဖြင့် နှစ်ဦးသဘောတူ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းကိစ္စ ဆက်လက်ဆောင်ရွက်လိုပါက အခန်းပေးအခန်းယူကိစ္စကို နှစ်ဖက်ပြန်လည်ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း အကြောင်းကြားခဲ့သော်လည်း ကန်ထရိုက်တာမှ ဆက်လက်ဆောက်လုပ်လိုခြင်း မရှိကြောင်း မြေပိုင်ရှင်များ၏ ရှေ့နေအား အကြောင်းပြန်ကြားလာသည့်အတွက် (၉–၁၀–၂၀၁၄) ရက်စွဲပါစာချုပ်အား ယနေ့မှစ၍ အပြီးအပိုင် ဖျက်သိမ်းပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်ထွန်းနှင့် ဒေါ်တိုးတို့၏ လွှဲအပ်ချက်အရ**
**ဦးကျော်ဒင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၃၁)**
**အမှတ်(၄၆)၊ မြလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉ ၅၄၀၂၇၇၄**

## "နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/မြို့မအနောက်ရပ်)၊ လူနေရပ်ကွက်(ဇဝနဒီပ)၊ မြေကွက်အမှတ် (ပ–၃၀၇၅၄)၊ ဧရိယာ(၀. ၀၅၅)ဧက၊ အကျယ်အဝန်း(၂၄၀၀)စတုရန်းပေရှိ ဦးစိန်လှဝင်းအမည်ပေါက် ဂရန်မူရင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်"တို့ကို ဝယ်ယူမည်ဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိပါက "ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါအိမ်ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် သက်ဆိုင်ရာ မြေစာရင်းတွင် ရောင်းချသူ ဦးစိန်လှဝင်း အမည်ဖြင့်မှတ်သားတည်ရှိသော ဂရန်မြေကွက်ဖြစ်ပြီး မိမိတစ်ဦးတည်းတွင်သာ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြု၍ရောင်းချသူ **ဦးစိန်လှဝင်း [၁၄/နေဖ(နိုင်)၀၅၄၇၆၈]**ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သက်ထားဆွိ LL.B,D.I.L,Dip in Eng**
**အထက်တန်းရှေ့နေ (စဉ်–၄၂၈၉၉)**
**09–972734996, 09–791454531**

## "ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၃၄)၊ ဂန္ဓမာလမ်း၊ မြေကွက်အမှတ်(၉၉၂)၊ တည်ရှိဧရိယာ (၄၀ပေx၆၀ပေ) ရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ) ခြေရင်းခြမ်းရှိ ပါမစ်မူရင်း မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်"တို့ကို ဝယ်ယူမည်ဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိပါက "ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦ၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချသူက အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းတွင်သာ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ မိမိ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိပါကြောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ **ဒေါ်မိုးဝေ [၅/စကန(နိုင်)၁၈၄၁၁၉]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဤကြေညာပါသည့် နေ့မှ(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှု မရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘော တူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သက်ထားဆွိ LLB,D.I.L ,Dip in Eng**
**အထက်တန်းရှေ့နေ (စဉ်–၄၂၈၉၉)**
**09–972734996, 09–791454531**

## ပျောက်ဆုံးကြောင်း

ဦးကျော်ဇင် [၁၂/ဥကမ(နိုင်)၁၅၄၆၄၂] ကိုင်ဆောင်သော သင်္ဘောသားစာအုပ် C.D.C နံပါတ် 90983 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**Ph: 09–442627015**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ (အ.ထ.က) မြို့မကျောင်း Grade–11 မှ မအိမွန်ဆွေ၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းဆွေ [၉/ညဥန(နိုင်)၁၃၆၃၆၇]ဖြစ်ပါသည်။

**ဦးမင်းမင်းဆွေ**
**[၉/ညဥန(နိုင်)၁၃၆၃၆၇]**

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ(၂) လမ်းအရှေ့၊ အမှတ်(၈၀)၊ (၂)ခန်းတွဲ (၃ ½)ထပ်တိုက်၏ တတိယလွှာ၊ အခန်း (၃–လွှာ)အေ၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၄ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ဥမ္မာစိုး၊ (မစောယုထွန်း၏ အမွေထိန်းလက်မှတ်စာအား လက်ခံရရှိထားသူ) [၁၂/အလန(နိုင်)၀၄၀၂၆၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အေးထက်ပိုင်[၁၂/ဒပန(ပြု)၀၀၁၈၀၉]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့် အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဖူးဝင့်ဝါမောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၂၄၀)**
**အမှတ်–၁၆၁၊**
**ဗိုလ်ဆွန်ပက်လမ်း(အလယ်)၊**
**ပန်းဘဲတန်းမြို့နယ်။**
**ဖုန်း–၀၉–၈၉၄၈၇၂၈၉၀**

**ဒေါ်ရည်လွင်ကျော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၂၀၄၃)**
**အမှတ်– ၂၈၄၊ သင်္ဘောကျင်း(၁၃)လမ်း၊**
**သင်္ဘောကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။**
**ဖုန်း–၀၉–၂၅၂၉၈၉၄၅၅**

## (၁–၉–၂၀၂၃) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ–၂၄ ၌ ဒေါ်ဇင်လှဲ့ဝင်း [၁၂/ဒဂရ(နိုင်)၀၀၉၁၆၄]၊ ဒေါ်ခင်မျိုးဝင်း [၁၂/ဒဂရ(နိုင်)၀၀၃၄၂၁] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးအောင်ကျော်မြင့်(LL.B)၊ (စဉ်–၁၅၁၈၃/၁၃–၁၂–၁၈) အများသိစေရန် ကြေညာခြင်းကြော်ငြာအပေါ် ပြန်လည်ရှင်းလင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမင်းအောင် [၁၂/ဥကတ(နိုင်)၁၃၅၉၅၉]၊ အမှတ် (၁၀၁၈)၊ ရှင်ထွေးညိုလမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၃၊ ရှင်ထွေးညိုလမ်း၊ မြေကွက်အမှတ်(၁၀၁၈) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်အဆောက်အဦ (၁)လုံးမှာ ဒေါ်မော်မော်ဝင်း ကွယ်လွန်ပြီး နောက်ပိုင်း ၂၀၁၈ ခုနှစ်တွင် ကျွန်ုပ်၏မိတ်ဆွေကိုယ်ပိုင်ငွေဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် အိမ်ခြံမြေဖြစ်ပါသည်။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၃၊ ရှင်ထွေးညိုလမ်း၊ မြေကွက်အမှတ်(၄၄၉)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအဆောက်အဦ (၁)လုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် ပစ္စည်းဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှာ ဒေါ်မော်မော်ဝင်း၏ တရားဝင်ခင်ပွန်းအဖြစ် သက်ရှိထင်ရှားရှိနေသော အမွေရှင်လည်းဖြစ်ပါသည်။ အထက်ဖော်ပြပါပစ္စည်းများမှာ အမွေပုံပစ္စည်းမဟုတ်သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း ပြုလုပ်ခွင့်ရှိသည့် ပစ္စည်းများဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန္ဒာစိုး**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်စဉ်(၈၅၃၇/၂၀၁၂)**
**အမှတ်(၅၅/၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉၄၃၀၉၅၃၂၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/စိုက်မွေး–၁)၊ မြေကွက်အမှတ်(၁)၊ မြေကွက်တည်နေရာအမှတ် ၂/၁/၆၊ ဘုရင့်နောင်လမ်း၊ စိုက်မွေး (၁)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးလဗျရော်(HGG–၀၁၅၅၆၆)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးလဗျရော်(ဖခင်)ဖြစ်သူသည် (၃–၅–၂၀၀၃)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်မာရှန်သည် (၁၄–၂–၂၀၁၄)ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏သားသမီး (၆)ဦး ဖြစ်သူ(၁)ဒေါ်လုဂျာ [၁၃/တကန(နိုင်)၀၅၇၈၃၂] (၂)ဒေါ်ရွှယ်နောင်း [၁၂/လကန(နိုင်)၀၅၉၇၇၄]၊ (၃) ဦးထူးရှန်[၁၃/တကန(နိုင်)၀၀၈၀၄၀]၊ (၄) ဦးယော်ထန် [၁၂/လကန(နိုင်)၀၅၉၇၈၆]၊ (၅) ဦးခါးရာ [၁၂/လကန(နိုင်)၀၆၁၆၅၁]၊ (၆)ဦးရှရွယ် [၁၃/တကန(နိုင်)၀၀၀၄၃၀] တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြောင်း၊မိမိတို့မှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ကိတ္တိမ သားသမီးအဖြစ် မွေးစားထားခဲ့ခြင်း မရှိပါကြောင်း၊ မိမိတို့(၆)ဦးသည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပြီး အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ သေတမ်းစာရေးသားခဲ့ခြင်း မရှိပါကြောင်း၊ မိမိတို့မောင်နှမ (၆)ဦးကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အထက်ဖော်ပြပါကိစ္စနှင့် ပတ်သက်၍ ပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်ပါက မိမိတို့(၆)ဦးမှ တာဝန်ယူဖြေရှင်းပေးမည် ဖြစ်ကြောင်း ဝန်ခံ ကတိပြုကတိသစ္စာပြုလွှာအမှတ် ၂၆၃/၂၀၂၂(၇–၂–၂၀၂၂)၊ အသိသက်သေ နှစ်ဦး၏ ထောက်ခံကတိသစ္စာပြုလွှာ နှစ်စောင်၊ မိခင်ဖခင်သေစာရင်း၊ အိမ်ထောင်စု စာရင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားများ၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၏ (၃၁– ၃–၂၀၂၃)ရက်စွဲပါ စာအမှတ်၁၀၂/မ.၆ (နငသ.၄) ၀၄၆၃၉/အမတ၏ ဦးထူးရှန် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၃/တကန(နိုင်)၀၀၈၀၄၀] သည် အမှန်ဖြစ်ကြောင်း ပြန်ကြားစာတို့ တင်ပြ၍ပိုင်ဆိုင်/အရောင်းမြေပုံကူး လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်အုတ်ညှပ်(၁)လုံးနှင့်(၁)ထပ်RC(၁) လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပြီး ဒေါ်ရွှယ်နောင်း၊ ဦးသန်းလင်းလှိုင်၊ ဦးဇော်ထိုက်တို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ် ရေးထိုးပေးပါသဖြင့် ဒေါ်လုဂျာ+၅တို့၏ပိုင်ဆိုင်/ အရောင်းမြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၂၈၃
## မှော်ဘီခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၂၆
## ကွယ်လွန်သူ ဦးနိုင်ဝင်းရွှေ၏
## ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်း၍

**ဒေါ်ယုဇနစိန်** **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ(၃)ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၅၇၂) တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးနိုင်ဝင်းရွှေ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်း နှင့် ၎င်း၏ဇနီးဖြစ်သော ဒေါ်ယုဇနစိန်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက်၊ (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်)** ကြားနာရန်ချိန်းဆိုထားပြီးဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးနိုင်ဝင်းရွှေ၏ ကျန်ရစ်သောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ( ၂၆ )ရက်၊ (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်)** နံနက် ၁၀:၀၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ လျှောက်ထားသူ ဒေါ်ယုဇနစိန်၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ (၁၂)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကောင်းမြတ်တိုး)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၄၆ နှင့်ဆက်နွယ်သည့်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၂၁

| | | |
|---|---|---|
| အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်လီမိတက် (၎င်း၏ကိုယ်စား ဒေါ်အေးမြတ်မွန်အောင်) | နှင့် | ဦးစောလွင်ငယ် |
| **တရားနိုင်များ** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်– ၄၇၃ နေ ဦးစောလွင်ငယ် သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၄၆ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွတ်
ငွေ--------- ရရှိပြီး။

**(ဇော်သူရ)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ကျောက်တံတားခရိုင်တရားရုံး**

ဒဂုံမြို့သစ်
အရှေ့တောင်၊
ဆိပ်ကမ်းမြောက်ပိုင်း
မြေကွက်များ
(အထူး)ဝယ်လိုသည်။
09-5055540
09-788322253

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၅၁၊ မြေကွက်အမှတ်– ၁၆၀၇၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ် (၁၆၀၇)၊ (၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးဇော်မင်းထွန်း [၉/မရတ(နိုင်)၁၀၅၉၇၅] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်မြေ အမည်ပေါက် (ခင်ပွန်း) ဦးဇော်မင်းထွန်း [၉/မရတ(နိုင်)၁၀၅၉၇၅]သည် (၁၈-၁၀-၂၀၁၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်ခင်စန်း [၉/မရတ(နိုင်)၀၁၀၀၄၉]မှ တရားဝင် ဇနီးတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ အမှတ်– ၂၁၄၈/၂၀၂၃ (၁၂-၇-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားဂရန်၊ ဒေါ်ခင်ခင်စန်းထံမှ ပဲခူးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်– ၃၄၇/၂၀၂၃ (၁၆-၆-၂၀၂၃)ဖြင့် ရရှိသူ ဒေါ်မေဇင်ထွတ် [၁၂/ဒဂန(နိုင်)၀၀၁၇၆၅]မှ အထွေထွေ ကိုယ်စားလှယ်လွှဲစာ၊ အထွေထွေ ကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း မရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ လူနေရပ်ကွက်အမှတ်–အောင်မင်္ဂလာရွာ၊ စိန်ပန်းမြိုင်လမ်းမကြီး၊ မြေကွက်အမှတ်(၃၁၀)၊ ဧရိယာ (၄၀ပေx၆၀ပေ)ရှိ ဒေါ်ယဉ်ယဉ်အောင် [၉/မရမ(နိုင်)၀၅၂၇၂၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်ယဉ်ယဉ်အောင် [၉/ မရမ(နိုင်)၀၅၂၇၂၀]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြေညာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်၏ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်ပိုင်ကို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၂၆၂)**
**အမှတ်(၂၈၈)၊ စိန်ပန်းမြိုင်(၄)လမ်း၊ ၁၇–ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၂၅၄၆၀၈၅၉၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်– 26-A1 ၊မြေကွက်အမှတ်–၂၃၄၊ ဧရိယာ(၀.၀၃၁)ဧက၊ မြေကွက်တည်နေရာ–အမှတ်–၂၅၊ ပန်းပင်ကြီးလမ်း၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်ကြည်ကြည်သန်းအမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် (အစ်မ) ဒေါ်ကြည်ကြည်သန်းသည် (၁၇–၁၂–၂၀၂၀)ရက်နေ့၊ (ခင်ပွန်း)ဦးသန်းလွင်သည် (၆–၁–၂၀၂၀)ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး၊ ၎င်းတို့တွင် သားသမီးအရင်းများမရှိကြောင်း၊ မောင်နှင့်ညီမဖြစ်သူ ဒေါ်ရင်ရင်သန်းနှင့် ဦးလှအောင်တို့ (၂)ဦးသာကျန်ရှိပါကြောင်း၊ ၎င်းတို့(၂)ဦးမှလွဲ၍ အခြားအမွေဆက်ခံမည့် ကိတ္တိမ/သားသမီးတစ်ဦးတစ်ယောက်မျှ မွေးစားထားခြင်းမရှိပါကြောင်း၊ ကွယ်လွန်သူ အစ်မ ဒေါ်ကြည်ကြည်သန်းသည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်သည့်အားလျော်စွာ ၎င်းတို့ကွယ်လွန်ပြီးနောက် ကျန်ရစ်ခဲ့သော အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားမကြီးမှုအမှတ်– ၁၁၁/၂၀၂၂ တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ အမွေဆက်ခံခွင့်ရှိသူ ၎င်းတို့(၂)ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ (၂၆–၇–၂၀၂၂)ရက်နေ့စွဲပါ တရားရုံးတော်၏ အမိန့်နှင့်ဒီကရီအရ ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာ မရှိပါကြောင်းနှင့် ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ၎င်းတို့မှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဒေါ်ရင်ရင်သန်းနှင့် ဦးလှအောင်တို့က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရုံးတွင် ကျမ်းကျိန်ဆိုသည့်ကျမ်းကျိန်လွှာအမှတ်–၅၄၇/၂၀၂၂ (၂၂–၈–၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဒေါ်ကြည်ကြည်သန်းနှင့် ဦးသန်းလွင်တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ နှစ်(၆၀)မြေငှားဂရန်၊ ရန်ကုန်အနောက်ပိုင်းခရိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်–၁၁၁/၂၀၂၂ရက်နေ့စွဲပါ စီရင်ချက်နှင့်ဒီကရီ၊(၁– ၁–၂၀၂၂)ရက်နေ့စွဲပါ မိသားစုစီမံမှုသဘောတူစာချုပ်၊ တာဝန်ခံမိတ္တူမှန်တို့ကိုတင်ပြ၍ ဒေါ်ရင်ရင်သန်း [၁၂/မရက(နိုင်)၀၇၇၄၅၅]နှင့် ဦးလှအောင် [၁၂/မရက(နိုင်)၁၁၁၁၉၇] တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရင်းတိုက်ကွင်းစံကျေးရွာ၊ ရန်ကုန်ပြည်–လမ်းမကြီးဘေး၊ အမှတ်(၁၂၁)၊ အလျား (၄၈)ပေx အနံ (၁၅၆)ပေရှိ ဒေါ်ထွားစိန် အမည်ဖြင့် မီတာပေါက်သော ဦးလှသန်းပိုင်ဆိုင်သည့် R/H မြေနှင့် ယင်းမြေကွက်ပေါ်ရှိ မီတာပါ (၂)ထပ်တိုက် အဆောက်အဦအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရေးဆိုင်မှု အထောက်အထားမူရင်းများဖြင့် ဦးလှသန်း [၇/သကန(နိုင်)၀၈၉၃၆၆] ကိုင်ဆောင်သူမှ ဥပဒေနှင့်အညီ နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်သူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ [၉/တကန(နိုင်)၁၃၄၅၁၂]ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ရေးဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သက်နှင်းပွင့်(LL.B), WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၈၆၈)**
**အမှတ်(၁၂၇)၊ မာဃလမ်း၊ (၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၂၅၃၂၅၀၃**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၀၄/က)၊ အကျယ် (၂၀x၆၀)ပေရှိ ဦးမြင့်သန်း အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်အေး [၁၂/ဒလန(နိုင်)၀၁၀၃၆၇] (Q/RGN–006671)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလင်းထိုက်ဦး [၁၄/ဒဒရ(နိုင်)၁၂၇၀၁၉]က ဝယ်ယူရာ ရောင်းဖိုး စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"ဝယ်ယူသူ၏ လွှဲအပ်ချက်အရ"**
**"တရားလွှတ်တော်ရှေ့နေများ"**

| | |
|---|---|
| **ဦးအောင်နိုင်ထူး (စဉ်–၁၃၅၇၅)** | **ဦးကျော်စွာမြင့် (စဉ်–၁၃၂၈၂)** |
| **LL.B., WIPO (Switzerland)** | **LL.B., D.B.L, D.I.L** |

**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 01-385205,09-420088970**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၄) ရပ်ကွက်၊ သံသုမာလမ်း၊ သံသုမာအိမ်ရာ၊ အမှတ် (၁၁)တွင် ဖွင့်လှစ်ထားသော Brighten International University မှ BOD အဖွဲ့ဝင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည် –

Brighten International University သည် UK အစိုးရအသိအမှတ်ပြု London Examination Board (UK Provider Reference Number – 10043715) နှင့် တရားဝင်အသိအမှတ်ပြု လက်မှတ်ရေးထိုးပြီး ၎င်းနှင့်ချိတ်ဆက်ထားသော တက္ကသိုလ်များ၏ Master Degree၊ Bachelor Degree၊ Diploma အတန်းများကို ဘာသာရပ်အလိုက် ကျွမ်းကျင်သော အငြိမ်းစားပါမောက္ခဆရာကြီး၊ ဆရာမကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိ Academic Board Professor များက သင်ရိုးညွှန်းတမ်းများကို အသေးစိတ်ဆွေးနွေးပြီးမှသာ သင်ကြားပေးခြင်းဖြစ်ပါသည်။ အထက်ဖော်ပြပါ ပညာရေးအဖွဲ့အစည်းသည် မြန်မာနိုင်ငံ၌ တရားဝင်ဖွင့်လှစ်သင်ကြားခွင့်ပေးထားသောကျောင်း (၂)ကျောင်းရှိသည့်အနက်မှ Brighten International University ကျောင်းကိုသာလျှင် ရည်ရွယ်ချက်ရှိရှိဖြင့် သင်ကြားပို့ချနေသော ဆရာမကြီးများ၏ ဂုဏ်သိက္ခာထိခိုက်စေရန်နှင့် ကျောင်း၏ပုံရိပ်ကို ထင်ယောင်ထင်မှားဖြစ်စေရန် သတင်းမီဒီယာ၊ လူမှုကွန်ရက်၊ Facebook စာမျက်နှာတွင် Post တင်ခြင်း၊ Comment များရေးသားပြောဆိုခြင်းများကို ပြုလုပ်နေကြောင်း တွေ့ရှိရပါသည်။ထိုကဲ့သို့ ပြုလုပ်ပြောဆိုရေးသားနေခြင်းကို ယနေ့ ကြေညာစာပါသည့်နေ့မှစ၍ မည်သူတစ်ဦး တစ်ယောက်မှ မပြုလုပ်ရန်နှင့် ပြုမူပြောဆိုနေသူများသည်လည်းရပ်တန့်ပါရန်နှင့် တားမြစ်ချက်အား ဆက်လက်ဆောင်ရွက်နေပါက ဆက်သွယ်ရေးဥပဒေ၊ မြန်မာနိုင်ငံတည်ဆဲဥပဒေအရ တရားစွဲဆိုဆောင်ရွက်သွားရန် ညွှန်ကြားချက်များ ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမို့မို့အောင် LL.B, D.B.L**
**အထက်တန်းရှေ့နေ (စဉ်–၃၄၃၉၀/ ၂၀၁၀)**
**တိုက်(၂၈၇)၊ အခန်း(၄)၊ ကျောင်းလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊**
**သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၅၃၁၁၇၁၂၊ ၀၉–၄၄၇၆၅၈၇၀၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ကောလိယ (၁၉)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၃ ၊ မြေကွက်အမှတ် – ၄၁၄ ၊ ဧရိယာ (၂၄၀၀) စတုရန်းပေ ကျယ်ဝန်းသော မြေကွက်ပေါ်ရှိ ၂ ခန်းတွဲ ၆ ထပ်တိုက် (Pitch Roof) မှ ဒုတိယထပ် ( တိုက်ရှေ့မျက်နှာမူလျှင် ဘယ်ဘက် ) တိုက်ခန်းကို ဦးငွေဝင်း [၁၂/ပဘတ(နိုင်)၀၁၈၉၉၁] နှင့် ဦးတင်ဦး [၁၂/တမန (နိုင်) ၀၃၃၄၆၀] တို့ထံမှ ဒေါ်ကြည်ဖြူဝင်း [၉/မထလ(နိုင်)၂၁၄၀၁၄]ကလည်းကောင်း ၊ ဒေါ်ကြည်ဖြူဝင်းထံမှ ဦးသန်းလွင် [၁၂/သကတ(နိုင်)၁၂၃၀၃၈] က လည်းကောင်း အဆင့်ဆင့် ဝယ်ယူခဲ့ကြရာ ယခုလက်ရှိထား ပိုင်ဆိုင်သူ ဦးသန်းလွင်ထံမှ တိုက်ခန်းကို ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ ပေးချေထားပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ဤ ကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်ကြည် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၆၁၁၈ / ၃၀–၁၁–၉၄ )**
**ဖုန်း – ၀၉–၅၄၀၁၂၅၀**

| | |
|---|---|
| **ရုံး– အမှတ်–၆၂၊ အခန်း(၉)၊** | **အိမ်–အမှတ်–၂၁၀၊အောင်သပြေလမ်း၊** |
| **ပထမထပ် ၊ ပန်းဆိုးတန်းလမ်း၊** | **(၂ ) ရပ်ကွက် ၊ ပုလဲမြို့သစ် ၊** |
| **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **မင်္ဂလာဒုံမြို့နယ် ၊ ရန်ကုန်မြို့။** |

## ရန်ကုန်မြို့၊ ကြည့်မြင်တိုင်အရှေ့ နှင့် သရက်ကုန်းတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈၀၊ မြေပိုင်၊ ဦးပိုင်အမှတ်–၂ မှ ခွဲစိတ်ထားပြီးဖြစ်သည့် တစ်စိတ်တစ်ဒေသဖြစ်သော ဦးပိုင်အမှတ်– ၁၈/၂၊ ဧရိယာ– ၀.၁၅၇ ဧကခန့်ရှိ မြေကိုပိုင်ဆိုင်ခဲ့သော (အဖ) ဦးပိန်၏ သားဖြစ်သူ ဦးသိန်းဝင်း(ခ)အရုပ် သိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးကျော်ကျော်(ခ)အကီး ပါ–(၆)ဦးတို့က လူကြီးမင်းထံမှ အထက်ပါ မြေကွက်၏ အလျား(အရှေ့)–၂၈ပေ ၆လက်မ၊ (အနောက်)–၂၈ပေ၊ အနံ–၉၄ပေ အကျယ်အဝန်းရှိသည့် မြေနှင့် ယင်းမြေပေါ်၌ဆောက်လုပ်ထားသည့် အိမ်ကိုလည်းကောင်း၊ ဒေါ်ခင်ခင်ဝင်း(ခ) ထောင်မီရှုံး ပါ–(၂)ဦးတို့က အထက်ပါ မြေကွက်၏ အလျား(အရှေ့)– ၂၇ပေ ၆ လက်မ၊ (အနောက်)–၂၉ပေ ၁၀လက်မ၊ အနံ–၇၁ပေ အကျယ်အဝန်းရှိသည့် မြေနှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသည့် အိမ်တို့ကို လည်းကောင်း လက်ရှိလက်ရောက်ရယူ ဝယ်ယူခဲ့ပါသည်။ အဆိုပါ မြေနှင့် အိမ်များကို တရားဝင်ပိုင်ဆိုင်ခွင့် ရရှိရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေများက ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုလိုပါသည်။ သို့ဖြစ်ရာ ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဆက်သွယ်၍ အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်များ ချုပ်ဆိုပေးပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **၁။ ဦးကျော်ကျော်(ခ)အကီး [၁၂/ကမရ(ဧည့်)၀၀၀၂၄၄]** | **ဦးဖြိုးဝေထွန်း (LL.B)** |
| **၂။ ဒေါ်မြင့်မြင့်မေ[၁၂/ကမရ(ဧည့်)၀၀၀၂၄၂]** | **တရားလွှတ်တော်ရှေ့နေ** |
| **၃။ ဒေါ်တင်လှ[၁၂/ကမရ(ဧည့်)၀၀၀၁၉၃]** | **(စဉ်–၁၁၉၅၃)** |
| **၄။ ဒေါ်ရှင်မိ[၁၂/ကမရ(ဧည့်)၀၀၀၁၉၂]** | **အမှတ်–၁၄၊** |
| **၅။ ဦးကျော်ကျော်ဦး[၁၂/ကမရ(ဧည့်)၀၀၀၁၉၁]** | **ဘုရင့်နောင်လမ်း၊** |
| **၆။ ဒေါ်အိအိသွင် [၁၂/ကမရ(ဧည့်)၀၀၀၂၄၁]** | **ရန်ကုန်သစ်ရပ်ကွက်၊** |
| **၇။ ဒေါ်ခင်ခင်ဝင်း(ခ)ထောင်မီရှုံး [၁၂/ကမရ(ပြု)၀၀၀၀၇၅]** | **သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။** |
| **၈။ ဒေါ်ခင်ခင်လေး(ခ)ထော်မီရင် [၁၂/ကမရ(ပြု)၀၀၀၀၇၇]** | **ဖုန်း– ၀၉–၇၉၅၂၈၀၁၆၃** |

## ကောင်းမြန်မာအောင် ကုမ္ပဏီနှင့် အများသိစေရန်ကြေညာခြင်း

ဦးတင်အေး (ဘ) ဦးမောင်ထွန်း [၁၂/သလန(နိုင်)၀၅၄၂၉၅] အမှတ်(၁၃၆)၊ ရွှေတစ်ဆုပ်လမ်း၊ (၁၆၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

၁။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၈)ရပ်ကွက်၊ လဟာရက်ကွင်း (ရေလယ်သောင်)၊ ကွင်းအမှတ် (၇၄၂/A)ပေါ်ရှိ လယ်(၅)ကေမှာ မြို့နယ်မြေစာရင်းဦးစီးဌာနတွင် ယနေ့တိုင် ဒေါ်ကျင်သိန်း အမည်ပေါက်ပါသည်။ ယင်းလယ်(၅)ကေနှင့်ပတ်သက်၍ ဦးခင်ဝင်းက တရားလို ပြုလုပ်ပြီး ဦးတင်အေးပါ (၅)ဦးအပေါ် **သီးခြားသက်သာခွင့် ဥပဒေပုဒ်မ–၉ အရ** တရားစွဲဆိုသဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံးက တရားမကြီးမှုအမှတ်–၅၈/၂၀၁၄ ဖြင့် လက်ခံကြားနာစစ်ဆေးပြီး **(၅–၂–၂၀၁၉)နေ့တွင် တရားလိုသည် ယခုအမှုကို တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်**ဟု စီရင်ချက်နှင့် ဒီကရီချမှတ်ခဲ့ပါသည်။ ယင်းစီရင်ချက်နှင့် ဒီကရီကို တရားလို ဦးခင်ဝင်းက မကျေနပ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့ရာ **တရားမပြင်ဆင်မှု အမှတ်– ၂၉/၂၀၁၉** ဖြင့် လက်ခံကြားနာပြီး **(၂၃–၉–၂၀၁၉)**နေ့တွင် **မူလမြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး သက်သေခံစာမှတ်စာတမ်းကို လက်ရေးလက်မှတ်ပါရဂူထံပေးပို့ပြီး ထင်မြင်ချက်ရရှိပြီးမှသာ အမိန့်ချမှတ်ရန် တရားမကျင့်ထုံးဥပဒေအမိန့်– ၄၁၊ နည်းဥပဒေ–၂၇/၂၈ တို့အရဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသည်။**

၂။ ထို့ကြောင့် မူလမြို့နယ်တရားရုံးက လက်ရေးလက်မှတ်ပါရဂူ၏ ထင်မြင်ချက်ကိုရယူရန်အတွက် တရားလို ဦးခင်ဝင်းအား ဒေါ်ကျင်သိန်းနှင့် ဦးခင်ဝင်းတို့ လက်မှတ်ရေးထိုးထားသည်ဆိုသော **လယ်အရောင်းအဝယ်စာချုပ်မူရင်း**ကို ရုံးတော်သို့တင်ပြရန် ညွှန်ကြားခဲ့ပါသည်။ သို့ရာတွင် တရားလို ဦးခင်ဝင်းသည် ယနေ့အထိ ယင်းစာချုပ်မူရင်းကို တင်ပြနိုင်ခြင်းမရှိပါ။ **(၄)နှစ်ကျော်ခန့် ကြာမြင့်ပြီဖြစ်ပါသည်။** ထို့ကြောင့် **အမှုမှာ ပြီးပြတ်ခြင်းမရှိဘဲ စစ်ဆေးဆဲကာလဖြစ်ပါသည်။**

၃။ **(၂၃–၈–၂၀၂၃)**နေ့တွင် ဦးတင်အေး၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကောင်းမြန်မာအောင်ကုမ္ပဏီမှ ဒေါ်ကျင်သိန်း အမည်ပေါက်လယ်မြေ (၅)ကေအတွင်းသို့ ကျူးကျော်ဝင်ရောက်၍ သဲများဖို့ခဲ့ပါသည်။ ဦးတင်အေး မိသားစုက သွားရောက်တားမြစ်သော်လည်းမရပါ။ ထို့နောက် ဦးတင်အေး မိသားစုမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ တိုင်ကြားရာ **(၇–၉–၂၀၂၃)** နေ့တွင် **ကောင်းမြန်မာအောင်ကုမ္ပဏီ**မှ ကွင်းတာဝန်ခံ **ဦးထူးနိုင်**နှင့် သဲဖို့သူတို့အား ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ တရားဝင်ခေါ်ယူတားမြစ်သော်လည်း လိုက်နာမှုမရှိဘဲ ဆက်လက်၍ သဲများဖို့ကြပါသည်။ ယင်းလယ်များနှင့်ပတ်သက်၍ ဦးတင်အေးနှင့် **ကောင်းမြန်မာအောင်ကုမ္ပဏီ** တို့အကြား တိုက်ရိုက်ပတ်သက်မှုမရှိပါ။

၄။ သို့ဖြစ်၍ **ကောင်းမြန်မာအောင်ကုမ္ပဏီ**အနေနှင့် တရားရုံး၌ အမှုစစ်ဆေးစဲကာလအတွင်း ဒေါ်ကျင်သိန်း၏ လယ်မြေ(၅)ကေအတွင်းသို့ သဲများ ဆက်လက်မဖို့ရန်နှင့် လိုက်နာမှုမရှိပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအုန်းမြင့်** | **ဒေါ်ကေခိုင်မွန်** |
| **B.Sc(Q)., C.T.Med, H.G.P, R.L,** | **LL.B,D.B.L.,D.M.L.,D.I.L.,** |
| **D.B.L.,D.M.L.,D.A.Psy.,D.A.E** | **တရားလွှတ်တော်ရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၄၅၈)** | **(စဉ်– ၁၅၄၉၀ )** |

**ဖုန်း– ၀၉–၄၃၁၁၉၀၁၃**
**အမှတ်(၇၄၅)၊ မြရတနာ(၆)လမ်း၊ ၂၄–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## အသင်းသားများ အသိပေးကြေညာချက်

သန်လျင်ဂေါက်ကွင်းရှိ အသင်းသားအားလုံးသိစေအပ်ပါသည်။ သန်လျင်ဂေါက်ကွင်းလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ လစဉ်ကြေးကြွေးကျန်ရှိသော အသင်းသားများသည် ၃၀-၉-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ သန်လျင်ဂေါက်ကွင်းသို့ လာရောက်ပေးသွင်းကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးသွင်းမှုမရှိသော အသင်းသားများအား အသင်းဝင်အဖြစ်မှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၆၀၀၂၅၈၆၀**

**လိပ်စာ-ကျိုက်ခေါက်ဘုရားလမ်း(သာသနာ့ဗိမာန်ရှေ့)**

**လုပ်ငန်းကော်မတီ**

**သန်လျင်ဂေါက်ကလပ်**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ အောင်သိပ္ပံလမ်း၊ အမှတ်(၈၀၄/က) ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀'x၆၀')ရှိ ဦးထွန်းရွှေ [၁၂/သကတ(နိုင်)၀၆၁၇၃၁] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ရန်ဇမ်ဘီဘီ [၁၂/တမန(နိုင်)၀၉၉၁၄၂]မှ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါအိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေ ပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် ( ဥပဒေဘွဲ့ )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၀)**
**ဖုန်း-၀၉-၄၃၀၆၄၆၇၆၊ ၀၉-၇၇၄၃၀၆၄၆၇**

## ကြေညာချက်အား ရုပ်သိမ်းကြောင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ အမှတ်-(၅၅)၊ဗိုလ်ချုပ်လမ်း၊ အုန်းပင်စုရပ်ကွက်နေ ဦးထင်အောင်ကျော်(ဘ)ဦးကျော်တင့် [၁၂/တတန(နိုင်) ၀၀၈၉၂၃]နှင့် ဒေါ်မြင့်မြင့်သွယ် (ဘ)ဦးသက်လွင် [၁၂/တတန(နိုင်) ၀၀၉၁၄၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးထင်အောင်ကျော်နှင့် ဒေါ်မြင့်မြင့်သွယ်တို့သည် (၃-၉-၂၀၂၃) ရက်နေ့ ကြေးမုံသတင်းစာတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာချက်စာအား ထည့်သွင်းခဲ့ပါသည်။ အဆိုပါထည့်သွင်းခဲ့သော ကြေညာချက်အား ကျွန်ုပ်မိတ်ဆွေ၏ညွှန်ကြားချက်အရ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ကေသွယ်မြတ်သန့် (LL.B)** | **ဒေါ်ရောစိုးမိုး(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၅၅၀၁)(၁၇-၅-၂၀၂၃)** | **(စဉ်-၁၂၁၉၈)(၂၈-၂-၂၀၁၇)** |
| **အမှတ်(၁၅၈)၊ ဂန္ဓမာလမ်း၊ အုန်းပင်စု ရပ်ကွက်၊ တွံတေးမြို့။** | **ရွှေဆံတော်(၅)လမ်း၊ ရွှေဆံတော် ရပ်ကွက်၊ တွံတေးမြို့။** |
| **၀၉-၄၂၀၀၉၂၈၇၁** | **၀၉-၄၂၀၁၉၃၇၆၃** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၇-လမ်း၊ အမှတ်-၉၊ ၆-လွှာ၊ (တိုက်ကိုမျက်နှာမူလျှင် - ယာဘက်)၊ အကျယ်အဝန်း(၁၂ ၁/၂ ပေ x ၄၂ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးမောင်မြင့် [၁၂/တမန(နိုင်)၀၇၇၄၅၁] နှင့် ဒေါ်ခင်သန်း [၁၂/တမန(နိုင်)၀၇၇၄၅၂] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးမင်းသူနိုင် [၁၂/ဆကခ(နိုင်)၀၂၁၃၃၇] နှင့် ဒေါ်မိုးသန္တာမြင့် [၁၂/တမန(နိုင်)၁၁၈၉၂၂] ကိုင်ဆောင်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ)၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ ၉၇၅၀၂၁၈၄၁**

## အများသိစေရန်ကြော်ငြာခြင်း

